ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)

၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday 21 December 2018 ၉၅၀၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာတမ်းဖတ်ကြားသူများ၊ ဆုရစာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းများနှင့် ပူးပေါင်းပါဝင်ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာပေကို စိတ်ပါဝင်စားကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ယနေ့ သတင်း အညွှန်း**

ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် ပမာဏရှိပါက ပြည်သူလူထုထံ ထုတ်ပြန်ကြေညာသွားမည် စာမျက်နှာ » ၆

ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်သည့် တိန်ဆီး-ရမ်စီးလမ်းပိုင်းတွင် တံတားခြောက်စင်းတည်ဆောက်ရန် လျာထား စာမျက်နှာ » ၇

ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် သမ္မတထရမ့် ဆုံးဖြတ် စာမျက်နှာ » ၁၄

" IKBZ Insurance You Can Rely On "
IKBZ Insurance
သင့်မော်တော်ယာဉ်အား မတော်တဆထိခိုက်မှုများမှ ကာကွယ်သည့်အနေဖြင့် အာမခံထားသင့်ပါသည်။
(၂၄-၁၁-၂၀၁၈)ရက်နေ့မှစ၍ စနေ၊ တနင်္ဂနွေနေ့များတွင်ပါ အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံ၏
ကမ္ဘာအေးရုံးခွဲ၌ မော်တော်ယာဉ်အလုံးစုံအာမခံကို ဝယ်ယူထားရှိနိုင်ပါသည်။
ရန်ကုန် (ကမ္ဘာအေးရုံးခွဲ)
အမှတ်(၅၆)၊ Maha Land Office Tower၊
ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Kabaraye Office - 01-2307000 Ext: 600, 601
01- 2307000
09-79 2307000



ကြေးမုံ

## လွတ်လပ်ရေးနှင့်ထိုက်တန်အောင် ဝိုင်းဝန်းတည်ဆောက်

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလက လွတ်လပ်ရေးဖခင်ကြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့သည် အတူတကွ လက်တွဲ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ သူ့ကျွန်ဘဝတွင် နှစ်ပေါင်း တစ်ရာကျော် နေထိုင်ခဲ့ရသောဘဝမှ ပြည်သူတစ်ရပ်လုံး ကျွန်ဘဝမှ လွတ်မြောက်လိုသည့် ပြင်းပြသောဆန္ဒဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းခဲ့ကြရာ လွတ်လပ်သောမြန်မာနိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့ပြီးသည်မှာ ၇၁ နှစ်ပင် ပြည့်မြောက်တော့မည်ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက အမျိုးသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ရည်မှန်းချက်များ၊ လွတ်လပ်ရေးနှင့်ထိုက်တန်သော ခံစားခွင့်များ ရရှိနေပြီလားဟု ပြန်လည်ဆန်းစစ်ကြည့်ဖို့လိုမည် ဖြစ်သည်။ လွတ်လပ်ရေးဟူသည်မှာ တရားမျှတမှု၊ တန်းတူအခွင့်အရေးရှိမှု၊ ငြိမ်းချမ်းမှု စသည့် ဖြူစင်သည့် ဝါဒများကို ရယူပိုင်ဆိုင်နိုင်ရေးပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသည် ပြည်သူအားလုံး လိုလားနှစ်သက်သည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်နေသည်။ ပြည်သူများ ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို ချမှတ်ဖော်ဆောင်နေသည်။ ဒီမိုကရေစီပန်းတိုင်သို့မူ မရောက်သေးဘဲ ဒီမိုကရေစီခရီးလမ်းသို့ တက်လှမ်းစဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများသာအဓိကဖြစ်ပြီး ဒီမိုကရေစီစနစ်၏ အနှစ်သာရနှင့်ကျင့်စဉ်များကို သိရှိနားလည်လာအောင် ကြိုးပမ်းအားထုတ်ကြဖို့လိုအပ်မည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးနေသည့် နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံတွင် ရရှိအပ်သော တရားမျှတမှု၊ တန်းတူအခွင့်အရေးရမှုတို့ကို မဏ္ဍိုင်ကြီးသုံးရပ်နှင့် ထိန်းညှိပေါင်းစပ်ကာ ပြည်သူများအတွက် ဖော်ဆောင်ပေးနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပြည်သူများကလည်း မှန်ကန်သော တရားမျှတမှုနှင့်အညီ တန်းတူအခွင့်အရေးတို့ကို ဥပဒေနည်းလမ်း၊ စည်းကမ်းတကျ ပါဝင်လိုက်နာရယူကြဖို့ လိုအပ်မည်ဖြစ်သည်။

လွတ်လပ်သောဒီမိုကရေစီနိုင်ငံကို ဖော်ဆောင်ရာ၌ ဝါဒဖြူစင်သည့် ငြိမ်းချမ်းမှုကိုရရှိနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး အတူတကွ လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် ပြည်သူများအတွက် အရေးတကာအရေးတွင် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသော အရေးကိစ္စဖြစ်နေပါသဖြင့် ငြိမ်းချမ်းရေးကို အထူးဦးစားပေး ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကတည်းက လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် ယနေ့ထက်တိုင်အဆုံးမသတ်နိုင်သေးသည်မှာ လွတ်လပ်သောနိုင်ငံသားများအတွက် များစွာစိတ်မကောင်းဖွယ် ဖြစ်သည်။ လွတ်လပ်သောနိုင်ငံတွင် ငြိမ်းချမ်းသောအသီးအပွင့်များကို ခံစားကြရန်ဖြစ်သော်လည်း ဒုက္ခသုက္ခများကို မငြိမ်းချမ်းသောဒေသမှ တိုင်းရင်းသားပြည်သူများ ခံစားနေရသည်။ ထို့ကြောင့် နှစ်ပေါင်း ၇၀ ကျော်ကြာအောင် မငြိမ်းချမ်းသောအဖြစ်ကို လက်နက်ကိုင်ဖြေရှင်းခြင်းမပြုဘဲ ငြိမ်းချမ်းသောနည်းဖြင့် စားပွဲဝိုင်းတွင်အဖြေရှာနေသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများတွင် အားလုံးပါဝင်ကြိုးပမ်းရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း လွတ်လပ်ရေးနှင့်တန်ဖိုးများ၊ အနှစ်သာရများနှင့် မထိုက်တန်ပါက နိုင်ငံတကာအလယ်တွင် မျက်နှာငယ်ရမည်ဖြစ်သည်။ လွတ်လပ်ရေးနှင့်ထိုက်တန်သည့် နိုင်ငံဖြစ်အောင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ အခွင့်အရေးညီမျှခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ ငြိမ်းချမ်းခြင်း စသည်တို့ကို ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးကျော်ဆွေလင်း ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စီမံကိန်းဦးစီးဌာန စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) ဒေါက်တာအယ်လ်တူးမိန်းဂေါင် ဒုတိယညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန |

# အခြေခံပညာအဆင့်တွင် မြန်မာစာသင်ရိုးသစ်ဖြင့် သင်ကြားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာနက မြန်မာ့ပညာရေးကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ အခြေခံပညာအဆင့်အတန်းအများစု မြန်မာစာကိုသင်ရိုးသစ်ဖြင့် သင်ကြားပေးနိုင်ရေး မြန်မာပညာရှင်များက သင်ရိုးသစ်များရေးဆွဲလျက်ရှိကြောင်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ/ဌာနမှူးလည်းဖြစ် မြန်မာစာသင်ရိုးကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဒေါက်တာအောင်မြင့်ဦးကပြောသည်။




ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ထူထောင်သည့် (၇၇) နှစ်ပြည့် အထိမ်းအမှတ် မြန်မာစာသင်ကြားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ကျောင်းပညာ ဆရာကြီး ဒေါက်တာသန်းဦး၊ ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)တို့ အပါအဝင် မြန်မာစာပညာရှင်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အခြေခံပညာအဆင့်မှ ဆရာ ဆရာမများ တက်ရောက်ကြပြီး မြန်မာစာ အဆင့်မြင့်တင်သင်ကြားရေးဆိုင်ရာ စာတမ်းများဖတ်ကြားကြသည်။

"အခြေခံပညာနဲ့ ပတ်သက်ပြီးတော့ မူလတန်းနဲ့အလယ်တန်း မြန်မာစာဖတ်စာအုပ်တွေကို ပြုစုနေပါတယ်။ အခုမြန်မာစာ ဖတ်စာအုပ်နဲ့ပတ်သက်ပြီး ပထမတန်းနှင့် ဒုတိယတန်း မြန်မာစာ ဖတ်စာအုပ်တွေကို ပြုစုပြီးသွားပါပြီ။ လက်ရှိသင်ကြားနေပါပြီ။ လာမယ့် ပညာသင်နှစ်မှာတော့ တတိယတန်းနဲ့ ဆဋ္ဌမတန်းတွေကိုသင်ကြားဖို့ သင်ရိုးသစ်ကိုရေးဆွဲနေပါပြီ။ လာမယ့်နှစ်မှာ စတုတ္ထတန်း၊ သတ္တမတန်းနဲ့ နဝမတန်းတွေအတွက် မြန်မာစာ ဖတ်စာသစ်သင်ရိုးကို တစ်ပြိုင်တည်း ပြုစုသွားမှာ ဖြစ်ပါတယ်။ အခြေခံအဆင့်တွေပြီးရင် တက္ကသိုလ်အဆင့်မှာလည်း မြန်မာစာ သင်ကြားရေး အဆင့်မြှင့်တင်သွားဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာအောင်မြင့်ဦးကပြောသည်။

အဆိုပါ မြန်မာစာသင်ကြားရေးဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် ဆရာကြီး ဦးဖေမောင်တင်နှင့် မြန်မာသဒ္ဒါ သင်ကြားရေး၊ တက္ကသိုလ်အဆင့် မြန်မာစာ သင်ကြားရေးဆိုင်ရာ ပြဿနာများ၊ အခြေခံပညာအထက်တန်းအဆင့် မြန်မာစာသင်ကြားရေးကို သင်ပြနည်းရှုထောင့်မှ လေ့လာခြင်း၊ ဇာတကဝတ္ထုတိုများ လေ့လာချက်၊ အသုံးကျသော အသုံးချမြန်မာစာ သင်ကြားရေး၊ ရသစာပေသင်ကြားရေး၊ စကားပြေသင်ကြားရေး အခြေခံပညာ ကျောင်းများနှင့် စာစီစာကုံးပြဿနာ၊ သင်ရိုးသစ် အခြေခံအဆင့် မြန်မာစာသင်ကြားရေး စသော အကြောင်းအရာများကို ပါမောက္ခ/ဌာနမှူးများ၊ ကထိကများက ဒီဇင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၁၀၃၈၅၀၀ - ၁၀၃၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၃၈၅၀၀ - ၁၀၃၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၄၀/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၀/၈၆၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၀၀/၈၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၀ ကျပ် | ၉၅၅/၉၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၅/၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၅/၈၅၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၅/၆၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၅၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၇၈၆. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၂၇. ၇၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၄၇. ၉၃၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၇၅. ၃၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၂၂. ၂၀၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၃၉၅. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၃၉. ၂၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၁၁၁၇. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၁၁၄၄. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇




"လွတ်လပ်ရေး ဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့"

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်အမှာစကားကို စာမျက်နှာ ၄-၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ကလေးမိတ်ဆွေစာကြည့်တိုက်ပြခန်းတွင် ကလေးငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။**

# ပြည်သူများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်သူများ စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ တွင် ကျင်းပသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် "စာတတ်သူတိုင်း စာဖတ်ရေး" လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Myanmar Book Aid and Preservation Foundation (MBAPF)မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေတို့ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်းဆိုင်ရာ ပြန်ကြားရေးလုပ်ငန်းများအပြင် ပြည်သူများအတွက် အသိပညာဖြန့်ဝေခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသိပညာ အတတ်ပညာ ပြည့်ဝသည့်နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အသိပညာ ဖြန့်ဝေရေးသည် လွန်စွာအရေးကြီးပါကြောင်း။

သို့ပါ၍ အခြေခံပညာအဆင့် စာသင်ကျောင်းများကို အခြေခံပြီး ကလေးစာပေပွဲတော်များ ကျင်းပလျက်ရှိသကဲ့သို့ တက္ကသိုလ်များကိုအခြေခံပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို ကျင်းပနေခြင်းဖြစ်ပါကြောင်း၊ မြို့နယ်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်လျက်ရှိသကဲ့သို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီးလည်း ကွန်ပျူတာသင်တန်းများဖွင့်လှစ်ခြင်းအပါအဝင် နယ်လှည့်စာကြည့်တိုက်ယာဉ်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ နယ်လှည့်စာကြည့်တိုက်ကို နေရာဒေသအလိုက် သင့်လျော်စွာဖြင့် စီမံဆောင်ရွက်နေပါကြောင်း။

ယခင်က စက်ဘီးများဖြင့်လည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရှမ်းတီ စေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပူးပေါင်းပြီး သုံးဘီးယာဉ်များဖြင့်လည်း နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေပါကြောင်း၊ ပြည်ပနိုင်ငံများတွင် ဒေသအလိုက် လှေများ၊ ဆင်များစသည်ဖြင့် အသုံးပြုပြီး ဆောင်ရွက်နေကြပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအစီအစဉ်ဖြင့်လည်း သင့်လျော်သည့် နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ပြီး အားပေးဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများကို ပါဝင် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကလေးများ ငယ်ငယ်ကတည်းကနေစပြီး စာဖတ်ဖို့အတွက် မိဘတွေက အားပေးကြပါ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် ပြောကြားသည့်အဖွင့်အမှာစကား

နေပြည်တော်၊ ၂၀ - ၁၂ - ၂၀၁၈




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ကျွန်မကို ဆရာဒေါက်တာဖေမြင့်က ဒီအခမ်းအနားမှာ စကားပြောဖို့ ပြောတဲ့အခါမှာ အားလုံးကို စာဖတ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်မကို ဖိတ်ခေါ်ပြီး ပြောခိုင်းတယ်လို့ပဲ နားလည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက စာအုပ်တွေကို မြတ်နိုးတယ်၊ တက်တက်ကြွကြွ စာဖတ်တဲ့ အလေ့အထရှိတယ်။ အဲဒီအရည်အချင်းတွေရှိရုံနဲ့ ကျွန်မအနေနဲ့ စာဖတ်ခြင်းရဲ့ အကျိုးကို ပြည့်ပြည့်စုံစုံ ပြောနိုင်ပါ့မလားလို့ စဉ်းစားပါတယ်။

### စာဘာဖြစ်လို့ရေးကြတာလဲ

မနေ့ညနေတုန်းက ဆရာဖေမြင့်က ကျွန်မကို နိုင်ငံတစ်ဝန်းက စာရေးဆရာ၊ ဆရာမများနဲ့အတူ ထမင်းလက်ဆုံစားပြီး ဆွေးနွေးပြောကြားဖို့ အခွင့်အရေးပေးခဲ့ပါတယ်။ ဒီထမင်းစားပွဲကို မတက်ခင်ကတည်းက ကျွန်မစဉ်းစားတယ်။ စာရေးတယ်ဆိုတာ ဘာဖြစ်လို့ရေးတာလဲ၊ ဒါနဲ့ပတ်သက်ပြီး စာရေးဆရာ၊ ဆရာမများက ဒီအဖြေကိုပေးနိုင်မှာပဲလို့ ကျွန်မစဉ်းစားပြီး စားပွဲဝိုင်းတစ်ဝိုင်းမှာထိုင်တဲ့အခါ ကျွန်မမေးပါတယ်။ စာဘာဖြစ်လို့ရေးကြတာလဲလို့။ ကျွန်မမသွားခင်စဉ်းစားတာက အကြောင်းနှစ်ခုရှာလို့ရတယ်။ စာရေးတယ်ဆိုတာ ကိုယ့်ရဲ့ခံစားမှုတွေနဲ့ အတွေ့အကြုံတွေကို မျှဝေချင်လို့ အကြောင်းတစ်ခုဖြစ်နိုင်တယ်။ ဒုတိယတစ်ခုက ကိုယ့်ရဲ့အတွေးအခေါ်တွေနဲ့ အမြင်တွေကို သူတစ်ပါးအပေါ်မှာ လွှမ်းမိုးစေချင်လို့၊ ကိုယ်တွေးသလို တွေးစေချင်လို့၊ သူများတွေရဲ့အတွေးအခေါ်ကို ဩဇာလွှမ်းမိုးစေချင်လို့၊ ဒီအကြောင်းနှစ်ခုပဲ ရှိနိုင်မယ်လို့ ကျွန်မစဉ်းစားတယ်။ တခြားအကြောင်းတွေကို ခြုံငုံလိုက်ရင်လည်း ဒီနှစ်ခုကိုပြန်ပြီး ရောက်လာတာပဲ။

ဥပမာ- သာမန်စာရေးရင် မိတ်ဆွေအချင်းချင်း ကိုယ့်အတွေ့အကြုံတွေကို မျှဝေတယ်။ ဘယ်သွားခဲ့တယ်၊ ဘာလုပ်ခဲ့တယ်စသည်ဖြင့် မိတ်ဆွေအချင်းချင်းနီးစပ်အောင်၊ အဆက်မပြတ်အောင်လို့။ တစ်ခါတလေကျရင် စာရေးတယ်ဆိုတာကလည်း ကိုယ့်အတွေးအခေါ် ကိုယ်ထင်သလိုတခြားသူကိုထင်စေချင်လို့၊ အကြောင်းကြောင်းကြောင့်တခြားသူကို တစ်မျိုးတွေးစေချင်လို့၊ တခြားသူအတွေးတွေအပေါ်မှာ ဩဇာလွှမ်းမိုးချင်လို့၊ ဒီအကြောင်းနှစ်ခုပဲအခြေခံအားဖြင့်ရှိနိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

ကျွန်မဆွေးနွေးခဲ့တဲ့ ဆရာ၊ဆရာမတွေကလည်း အများအားဖြင့် သဘောတူတယ်လို့နားလည်ပါတယ်။ ရေးတဲ့သူရဲ့စေတနာက မျှဝေချင်လို့လည်းဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ဩဇာလွှမ်းမိုးချင်လို့လည်းဖြစ်နိုင်တယ်။ ဖတ်တဲ့သူတွေဟာ ဘာကြောင့်ဖတ်ကြသလဲဆိုတာလည်း ကျွန်မတို့စဉ်းစားစရာပါ။ အခုအခမ်းအနားမှာ ဆွေးနွေးနေတာကတော့ ရသစာပေလို့ ကျွန်မနားလည်ပါတယ်။ သုတစာပေကတော့ ကိုယ်လေ့လာခဲ့တဲ့ဘာသာရပ်နဲ့ဆိုင်လို့ မဖြစ်မနေ လေ့လာရမယ့်စာအုပ်တွေကိုဖတ်ခြင်းက ရှောင်လို့မရပါဘူး။

### အလေ့အကျင့်

ဒါကို ကျောင်းသူ ကျောင်းသားတွေသာမက လုပ်ငန်းခွင်ဝင်နေတဲ့ လူကြီးတွေလည်း မိမိတို့ရဲ့လုပ်ငန်းခွင်မှာ ပိုမိုပြီးထိထိရောက်ရောက်လုပ်နိုင်ဖို့အတွက် ဆက်လက်ပြီး သုတစာပေတွေကိုဖတ်ရှုလေ့လာရတာက ထူးထူးထွေထွေ ရှင်းပြနေစရာမလိုပါဘူး။ ရသစာပေကို ကိုယ့်အလုပ်ခွင်အချိန်ပြင်ပမှာ၊ ကျောင်းခန်းပြင်ပမှာ၊ ကျောင်းခန်းထဲမှာ ဒီဟာဖတ်ရမယ်ဆိုပြီးပြဋ္ဌာန်းထားတဲ့ စာအုပ်တွေမှအပ ဝါသနာကြောင့် ဖတ်ချင်လို့ဖတ်ရှုတဲ့ဟာကို ဘာကြောင့်ဖတ်ကြသလဲဆိုတော့ ပထမဦးဆုံးက အလေ့အကျင့်ပါပဲ။ ဒါကတော့ ကိုယ့်မိသားစုအသိုင်းအဝိုင်း၊ ကိုယ့်ရဲ့ကျောင်း၊ ဆရာ ဆရာမ အသိုင်းအဝိုင်းနဲ့ ဆိုင်ပါတယ်။

စာဖတ်ချင်အောင်၊ စာဖတ်တတ်အောင် လေ့ကျင့်ပေးတာ အဲဒါက တစ်ခု။ လေ့ကျင့်ပေးတိုင်းလည်း အတန်းတစ်တန်းတည်းမှာ ဆရာမက တစ်ပုံစံတည်းသင်တယ်။ မိသားစုတစ်စုတည်းမှာ မိဘတွေက တစ်ပုံစံတည်း ဦးဆောင်မှုပေးတယ်ဆိုပေမယ့်လည်း သားသမီးတိုင်း၊ ကျောင်းသူ ကျောင်းသားတိုင်းက တစ်ပုံစံတည်းထွက်လာတာမဟုတ်ပါဘူး။ အားလုံးဟာ တန်းတူညီတူ စာပေဝါသနာပါကြတာမဟုတ်ပါဘူး။ အများအားဖြင့် မိဘတွေစာဖတ်တဲ့မိသားစုမှာဆိုရင် သားသမီးတွေစာဖတ်တာများပါတယ်။ သို့သော်ငြားလည်း သားသမီးတွေက မိဘများစာဖတ်လို့ သားသမီးတွေစာဖတ်ရင် စာဖတ်နှုန်းချင်းမတူဘူး။ စာအုပ်ကို မြတ်နိုးတဲ့အတိုင်းအတာချင်းမတူဘူး။ တချို့က ထူးထူးခြားခြားမြတ်နိုးတယ်။ တချို့က ထူးထူးခြားခြားမမြတ်နိုးဘူး။ စာဖတ်နေတဲ့အခါမှာ ထိုင်ပြီး အတူတူဖတ်နေတဲ့ကလေးတွေကို ကြည့်လိုက်ရင် ပုံစံချင်းကမတူဘူး။ တချို့က တကယ့်ကို ဒီစာအုပ်ထဲမှာ နစ်မြုပ်နေတယ်။ ဖတ်နေတဲ့စာအုပ်ထဲမှာ သူ့အတွေးတွေ၊ သူ့နှလုံးသားတွေ၊ ဦးနှောက်တွေရော အားလုံးမြုပ်နှံပြီး ဖတ်နေတယ်ဆိုတာ သိသာပါတယ်။

### ဗီဇ

တချို့က ဖတ်လိုက်၊ ဟိုကြည့်လိုက် ဒီကြည့်လိုက် ဘယ်တော့များဖတ်လို့ ပြီးပါ့မလဲ၊ ဖတ်ချိန်မကုန်သေးဘူးလား။ အဲဒီလိုဟာတွေလည်း မြင်ရတယ်။ ဒါကတော့ ဗီဇပဲ။ ဗီဇကိုတော့ ကျွန်မတို့လုံးဝပြောင်းလဲလို့မရဘူး။ သို့သော်လည်း သိပ္ပံပညာရှင်တွေပြောတယ်။ DNA တောင်မှ တစ်ဘဝအတွင်းမှာ ပြောင်းသွားနိုင်တယ်တဲ့။ ကိုယ့်ရဲ့ပတ်ဝန်းကျင်ရဲ့အနေအထားအရ၊ ကိုယ့်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုအရ ဗီဇကိုတောင်ပြောင်းလို့ရတယ်ဆိုတော့ ဒါဗီဇပဲ၊ ဖတ်တဲ့လူက ဖတ်တယ်၊ မဖတ်တဲ့လူက မဖတ်ဘူးဆိုပြီးတော့ အဲဒီအဖြေကတော့ မလုံလောက်ဘူးလို့ ထင်ပါတယ်။ လေ့ကျင့်မှုလည်းရှိမယ်၊ ဗီဇလည်းရှိတယ်၊ ဗီဇကိုလည်း အတိုင်းအတာတစ်ခုအထိ ကိုယ်ကနေပြီး ပြုပြင်ပေးလို့ရှိရင် ပြုပြင်ပေးလို့ရပါတယ်။

ဒီတော့ စာဖတ်တဲ့ဗီဇရှင်သန်အောင်၊ အားသန်အောင်၊ ဘာဖြစ်လို့ လုပ်ဖို့လိုသလဲဆိုတာအဲဒါကို ကျွန်မတို့မေးရမယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်မေးရတာပေါ့ ။ ကျွန်မ ဘာဖြစ်လို့စာအုပ်တွေကို မြတ်နိုးသလဲ၊ ဘာဖြစ်လို့စာဖတ်ဖို့ စိတ်အားထက်သန်သလဲဆိုတော့ ပြောရမယ်ဆိုရင် ကျွန်မအတွက် အကျိုးရှိတယ်လို့ ကျွန်မမြင်လို့ပဲ။ အကျိုးရှိတယ်ဆိုတာဟာ ဗဟုသုတရတာကလည်း တစ်ဖက်ပေါ့။ ဒါကတော့ လက်တွေ့ကျကျဆိုပါတော့။

ဒါပေမယ့် စာအုပ်တွေဖတ်တဲ့အခါကျရင် ကျွန်မစိတ်ချမ်းသာမှုရတယ်။ ကျွန်မစိတ်ထဲမှာ ကျေနပ်မှုရတယ်။ ကျွန်မရဲ့ကမ္ဘာကြီးဟာ ပိုပိုပြီးကျယ်သွားသလိုပဲ။ ကျွန်မရဲ့ကမ္ဘာကြီးဟာ ကျွန်မတစ်ယောက်တည်းနဲ့ဆိုင်တဲ့ဟာ မဟုတ်တော့ဘူး။ တကယ့်ကို နေရာအရပ်ရပ်မှာရှိတဲ့ပုဂ္ဂိုလ်များ အားလုံးနဲ့ဆိုင်တဲ့ ကမ္ဘာကြီးဖြစ်သွားတယ်လို့ ကျွန်မခံစားရတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်မ သိပ်မကြာခင်ကာလတုန်းက ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသူ ကျောင်းသားများနဲ့ စာဖတ်ခြင်းကိစ္စ၊ ရသစာပေနဲ့ပတ်သက်လို့ ဆွေးနွေးရာမှာ အဲဒီမှာ အဖြစ်အပျက်လေးတစ်ခုကို ကျွန်မစိတ်ဝင်စားတယ်။ အဲဒါက ဘာလဲဆိုတော့ တချို့ဒီဆွေးနွေးပွဲကိုနားထောင်တဲ့ ပရိသတ်ထဲကတချို့ မှတ်မိချင်မှတ်မိပါလိမ့်မယ်။

### လေလွင့်သူ

လူငယ်တော်တော်များများဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်က အမေရိကန်စာရေးဆရာတစ်ယောက်ရေးထားတဲ့ “The Catcher in the Rye”ကို မြန်မာလိုပြန်ထားတာပါ- လေလွင့်သူ ဆိုတဲ့စာအုပ်။ အဲဒါကိုပထမပြောတဲ့ လူငယ်သုံးယောက်လောက်က တက်တက်ကြွကြွနဲ့ ဒီဟာကိုသူတို့ဖတ်ထားတဲ့ အကြောင်းကိုပြောတော့ နောက်ပိုင်းမှာ လေး၊ ငါးယောက်မြောက်လို့ ထင်ပါတယ်၊ အဲဒီလူငယ်လေးက သူလုံးဝမကြိုက်ဘူးလို့ ပြောတယ်။ အဲဒီလိုမကြိုက်ဘူးလို့ပြောတော့ တချို့ကဩဘာပေးတယ်။ အဲဒီတော့ ကျွန်မကနည်းနည်းရယ်ချင်တယ်။ ဘာဖြစ်လို့လဲဆိုရင် အားလုံးကကြိုက်ပါတယ်ပြောပြီးမှ သူတစ်ယောက်တည်းက မကြိုက်ပါဘူးလို့ပြောတာကိုသဘောကျလို့ အဲဒါကိုဩဘာပေးတာလား၊ သူတို့ကိုယ်တိုင်မကြိုက်ပေမယ့် အရင်တုန်းကတော့ တခြားလူတွေက ကြိုက်နေတော့ မကြိုက်ဘူးဆိုတဲ့ဘက်က မရပ်တည်ရဲလို့၊ အခုက ဒီတစ်ယောက်က ဒီလိုမကြိုက်ဘူးဆိုပြီး ပြောတာကိုသဘောကျလို့ ဩဘာပေးတာလားမသိဘူး။ ဩဘာပေးကြတယ်။ အဲဒီတော့ မကြိုက်တာလည်း သူ့မှာမကြိုက်ပိုင်ခွင့်ရှိပါတယ်။

### လူငယ်တွေ စာဖတ်စေချင်

ဘာဖြစ်လို့မကြိုက်သလဲဆိုတာကို ဒီလူငယ်ရှင်းပြတာက ဘယ်လိုလဲဆိုတော့ သူသိတဲ့ဘဝနဲ့လုံးဝမတူလို့ပေါ့။ သူတို့ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနဲ့ လုံးဝမတူတဲ့ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုက အတွေ့အကြုံတွေမို့လို့ သူမကြိုက်ဘူးဆိုတော့ အဲဒါကျတော့ကျွန်မသိပ်သဘောမတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာဖတ်ခြင်းရဲ့အကျိုးကျေးဇူးတစ်ခုဟာ ကိုယ်နဲ့မတူတဲ့၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ မတူတဲ့ပတ်ဝန်းကျင်တွေအကြောင်း ကိုယ်သိလာရတာ၊ ကိုယ့်လို လူတိုင်း မစဉ်းစားဘူးဆိုတာကို ကိုယ်နားလည်လာရတာ။ လောကကြီးမှာ၊ ဒီကမ္ဘာကြီးမှာဆိုရင် ယဉ်ကျေးမှု၊ အတွေးအခေါ်၊ ထုံးတမ်းစဉ်လာအမျိုးမျိုးရှိကြပါတယ်။ အဲဒီအမျိုးမျိုးတွေဟာ မတူဘူး။ မတူကွဲပြားမှုတွေဟာ ကြိုက်တာ မကြိုက်တာတစ်မျိုးပေါ့။ ကိုယ်ကြိုက်တဲ့ဟာကိုကြိုက်မယ်၊ မကြိုက်တဲ့ဟာကိုမကြိုက်ဘူး။ ဒါပေမယ့် မတူလို့၊ ကိုယ်သိတဲ့ပတ်ဝန်းကျင်နဲ့ကွာခြားတဲ့ ပတ်ဝန်းကျင်ကို ရောင်ပြန်ဟပ်တဲ့စာပေမို့လို့ မနှစ်သက်ဘူးဆိုတာက ကျွန်မအနေနဲ့လက်ခံတဲ့အမြင်တစ်ခု မဟုတ်ပါဘူး။

ကျွန်မတို့က လူငယ်တွေကို စာဖတ်စေချင်တယ်။ လူငယ်တွေကို စာဖတ်စေချင်တယ်ဆိုတာ လူငယ်တွေရဲ့ကမ္ဘာကြီးကျယ်ဝန်းသွားအောင်လို့ပါ။ ကျွန်မစောစောကပြောသလို ကျွန်မအတွက်စာဖတ်ခြင်းဟာ ကျွန်မရဲ့ကမ္ဘာကြီးကျယ်ဝန်းသွားသလိုပဲ။ ကျွန်မတစ်ဦးတည်းရဲ့ ဦးနှောက်အကြောင်းသာ ကျွန်မနားလည်တာမဟုတ်ဘူး။ တခြားလူတွေရဲ့ဦးနှောက်အကြောင်း၊ နောက်ပြီး ကျွန်မတစ်ယောက်တည်းရဲ့နှလုံးသားတင်မကဘူး၊ တခြားသူတွေရဲ့နှလုံးသားအမြင်အကြောင်းကို အများကြီး ရသစာပေကနားလည်စေတယ်။ အဲဒီလိုခံစားမှုနဲ့ ကျွန်မကစာဖတ်တယ်။

### ရသစာပေ

စာဖတ်တဲ့အခါ အကြမ်းဖျင်းအားဖြင့်ပြောမယ်ဆိုရင် ရသစာပေကို ဒီစာကိုဖတ်လို့၊ အရေးအသားကိုကြိုက်လို့ ဒီစာအုပ်ကိုချလို့မရတာမျိုးတွေ ရှိတယ်။ ရေးပုံရေးနည်း၊ သူ့ရဲ့အတွေးအခေါ်တွေ၊ သူမြင်ရတဲ့ကိစ္စတွေ၊ သူခံစားရတဲ့အတွေ့အကြုံတွေကို သူသရုပ်ဖော်နည်းပေါ့၊ ရေးတတ်တာ၊ ရေးပုံလှပတာ၊ အဆင့်ရှိတာ အဲဒါကြောင့် ဒီစာအုပ်ကိုမချနိုင်အောင်လို့ ဖတ်ရတာမျိုးတွေလည်းရှိတယ်။

တစ်ခါတလေကျ အရေးအသားသိပ်မကောင်းပေမယ့် ဇာတ်လမ်းက အင်မတန်မှစိတ်ဝင်စားစရာ ကောင်းတယ်။ ဘာဖြစ်တော့မလဲ၊ ဘာဖြစ်တော့မလဲဆိုပြီး ဥပမာ စုံထောက်ဝတ္ထုတွေဆိုရင် ကျွန်မအလေ့အကျင့်က စောစောစီးစီးကတည်းက ဒီလူပဲဖြစ်ရမယ်လို့သတ်မှတ်ပြီး မှန်သလားဆိုပြီးကြည့်ချင်တာပါ။ အဲဒီဟာကို မြန်မြန်ဖတ်ပြီး ဇာတ်လမ်းကိုသိချင်လို့ အဲဒါကတစ်မျိုးပါ။ တစ်ခါတလေကျတော့လည်း ဒီလိုစာအုပ်တွေဖတ်တဲ့အခါကျရင် သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ဗဟုသုတတွေရတယ်။ ရေးသားပုံကလည်း ဒီလောက်ကြီးကောင်းချင်မှကောင်းမယ်။ ကိုယ့်အတွက်ဆွဲဆောင်မှု ဒီလောက်ရှိချင်မှရှိမယ်။ ဇာတ်လမ်းကလည်း

စာမျက်နှာ ၅ သို့ »»

»» စာမျက်နှာ ၄ မှ

ဒီလောက်စိတ်ဝင်စားစရာ ကောင်းချင်မှကောင်းမယ်။ ဒါပေမယ့် ဒီစာအုပ်ကို ဖတ်ခြင်းအားဖြင့် ကိုယ်မသိတဲ့ကိစ္စတွေအကြောင်း၊ ဥပမာဆိုရင် ကိုယ်တစ်ခါမှ မဖတ်ဖူးတဲ့နိုင်ငံတစ်ခုက စာရေးဆရာတွေရဲ့ စာအုပ်ဖတ်လိုက်တယ်ဆိုရင် တစ်ခါမှ ဒီဟာကိုမသိခဲ့ဘူး။ သူတို့ရဲ့ယဉ်ကျေးမှုက ဒီလိုပါလား၊ သူတို့နိုင်ငံရဲ့ သမိုင်းကြောင်းက ဒီလိုပါလား၊ သူတို့အမြင်တွေက ဒီလိုပါလားဆိုပြီး အဲဒါကျတော့ သုတနဲ့ဆက်နွယ်သွားတာပေါ့။ သုတပေးတဲ့ ရသစာပေဖြစ်လို့ ဖတ်တာလည်းရှိပါတယ်။ အကောင်းဆုံးက သုံးခုစလုံးပါတဲ့ဟာပါ။ အရေးအသားကောင်းလို့လည်း ဖတ်ချင်စရာကောင်းတယ်။ ဇာတ်လမ်းက ကောင်းလို့လည်း ဆက်ပြီး စိတ်ဝင်စားစွာ ဖတ်လို့ကောင်းတယ်။ နောက်ပြီး သုတလည်း အများကြီးရတယ်။ နောက်ဆုံး ကိုယ့်ကမ္ဘာကြီးက သိပ်ကျယ်သွားတယ်။

**သတင်းဆိုတာ**

မကြာခင်က ဆရာဒေါက်တာဖေမြင့်ရဲ့ အစီအစဉ်အရ ကျွန်မတို့ရဲ့ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနဲ့ တွေ့တဲ့အခါ ကျွန်မက ဆရာကြီး ဦးအုန်းကြိုင်ကိုမေးတယ်။ သတင်းဆိုတာ ဘာအတွက်လဲ။ ကျွန်မက ဘာအတွက်လဲဆိုတာကိုမေးတာ သိပ်ဝါသနာပါတယ်။ ငယ်ငယ်ကတည်းက တစ်ချိန်လုံး ဘာကြောင့်လဲ၊ ဘာအတွက်လဲဆိုတာ ကလေးဘဝကတည်းက လူကြီးတွေကို မေးခဲ့တာပေါ့။ ဒါက ဘာကြောင့်ဖြစ်ရတာလဲ၊ ဒါကဘာဖြစ်လို့ ဒီလိုခေါ်ရတာလဲ၊ ဒီဟာက ဘာကြောင့် ဒီလိုယုံကြည်ရတာလဲ စသဖြင့်ပေါ့။

ကျွန်မက ဆရာကြီး ဦးအုန်းကြိုင်ကိုမေးတယ်။ သတင်းဆိုတာ ဘာအတွက်လဲမေးတယ်။ ကျွန်မတို့ဆွေးနွေးရင်း နောက်ဆုံးခြုံငုံပြီး ဆရာကြီးပြောတာက ကျိုးရှိမှန်ကန်သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့စကား ဒီအပေါ်မှာအခြေခံပြီး သတင်းတွေဟာ ရေးသင့် မရေးသင့်၊ ထုတ်သင့် မထုတ်သင့်၊ တန်ဖိုးရှိ မရှိကို ဆုံးဖြတ်ရတယ်လို့ ဆရာကြီးက ဒီလိုပြောပါတယ်။ကျွန်မလည်း ဒါကိုသဘောတူတယ်။ သတင်းပဲမဟုတ်ဘူး၊ စာပေဆိုတာလည်း ဒီလိုပဲ။ ကျိုးရှိမှန်ကန်သူခံသာတဲ့စကား၊ သူမခံသာတဲ့စကားဆိုတော့ တချို့ကတော့ ပြောမယ်၊ အများကြီး အငြင်းအခုံဖြစ်ခဲ့တဲ့ကိစ္စပေါ့။ အနုပညာဆိုတာ အနုပညာစိတ်ဓာတ်သက်သက်နဲ့ သင်ခန်းစာပေးဖို့လည်းမဟုတ်ဘူး၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုင်းအဝိုင်းကို ပိုကောင်းအောင်လုပ်ဖို့လည်း မဟုတ်ဘူး၊ ပိုပြီးဆိုးအောင်လုပ်ဖို့လည်း မဟုတ်ဘူး၊ အနုပညာစိတ်သက်သက်နဲ့ပဲဆိုပြီး တချို့က ပြောကြတယ်။

အဲဒီလိုဆိုရင် ကျိုးရှိမှန်ကန်သူခံသာတာတွေ၊ မခံသာတာတွေ ဘာမှမပါဘူးပေါ့။ ကိုယ်ရေးချင်တာ ကိုယ်ရေးလိုက်မယ်၊ ကိုယ်ရေးသင့်တယ်ထင်လို့ ကိုယ်ရေးတယ်ဆိုပြီး ဒီလိုအမြင်မျိုးကလည်းရှိတယ်။ ဒါပေမယ့် အကျိုးရှိတယ်ဆိုတာက ရသစာပေဆိုတာ မှန်ကန်တယ်ဆိုတဲ့ကိစ္စကို အမြဲပြောလို့မရဘူး။ ဒဏ္ဍာရီတွေ၊ တချို့မဖြစ်နိုင်တဲ့အကြောင်းလေးတွေ ရေးတယ်ဆိုရင် ဒါပေမယ့် လူတိုင်းက သိတာပဲ။ ဥပမာ မြင်းပျံကြီးဆိုတာ တကယ်က ရှိတာမဟုတ်ဘူး။ ကလေးပုံပြင်ထဲမှာ မြင်းပျံကြီးကို အခြေခံပြီး ပုံဝတ္ထုဖွဲ့ထားတယ်ဆိုရင် ကလေးတွေက သူရေးတာဖတ်ပြီး စာဖတ်ချင်တဲ့စိတ် ဖြစ်သွားတယ်ဆိုရင် ဒါက အမှားမဟုတ်ပါဘူး။ အကျိုးတော့ရှိတာပေါ့။

**သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့စကား**

သူခံသာတဲ့စကားနဲ့ သူမခံသာတဲ့စကားဆိုတော့ အဲဒီအပိုင်းက အများကြီးဆွေးနွေးစရာ ဖြစ်ပါတယ်။ သတင်းဘက်ကပဲဖြစ်ဖြစ် ရသစာပေဘက်ကပဲဖြစ်ဖြစ်။ ခံသာတာ မခံသာတာကို ထည့်ပြီးတော့ တွက်ဖို့လိုသလား။ ခံသာသည်ဖြစ်စေ၊ မခံသာသည်ဖြစ်စေ ရေးသင့်ရေးထိုက်လို့ ရေးတယ်ဆိုပြီးတော့ အဲဒါက ဘယ်သူကဆုံးဖြတ်သလဲ။ မသိဘူးပေါ့။ မိဘ ဆရာတွေဘက်ကကြည့်တယ်ဆိုရင် ဆုံးမစကားပေါ့။ ဆုံးမတယ်ဆိုတာလည်း တစ်ခါတလေ ဆူရတာနဲ့ သိပ်ပြီးမကွာပါဘူး။ ဆူရတယ်၊ ကြိမ်းရတယ်ဆိုရင် မခံသာပေမယ့်လည်း အကျိုးရှိလို့၊ မှန်ကန်လို့လုပ်တယ်လို့ ဒီလိုပြောလို့ရပါတယ်။

ရသစာပေနဲ့ပတ်သက်လို့တော့ အဲဒီအပိုင်းကို ကျွန်မ မဆွေးနွေးချင်ဘူး။ လူတိုင်းလူတိုင်း တစ်ယောက်အမြင်နဲ့ တစ်ယောက်မတူဘူး။ အကျိုးရှိသလား၊ မရှိသလားပေါ့ ။ ကျွန်မက ဒီမှာလာပြီးတော့ စာဖတ်ပါလို့ ဆော်ဩခြင်းဟာ အကျိုးရှိသလားဆိုတာ ကျွန်မအနေနဲ့ သုံးသပ်ဖို့တော့ တာဝန်ရှိတယ်။ ပြီးတော့ တချို့ကပြောတယ်၊ စာအုပ်ကောင်းတွေဖတ်မှ အကျိုးရှိတာ၊ မကောင်းတဲ့စာအုပ်တွေဖတ်ရင် အကျိုးရှိတာမဟုတ်ဘူးဆိုပြီး ပြောမယ်။ ကောင်း၊ မကောင်းသိဖို့ဆိုတာလည်း ဖတ်မှသိတာပါ။ စာများများဖတ်မှ ဘယ်စာအုပ်တွေက ကောင်းတယ်။ ဘယ်စာအုပ်တွေက မကောင်းဘူး။ ဘယ်စာအုပ်တွေက တန်ဖိုးရှိတယ်။ ဘယ်စာအုပ်တွေက တန်ဖိုးမရှိဘူးဆိုတာ များများဖတ်မှ သိမှာပါ။ များများမဖတ်ဘဲနဲ့ မသိဘူး။ နောက်ပြီး လေ့လာရပါမယ်။

စာအုပ်တွေလေ့လာပြီး စာအုပ်တွေနဲ့ပတ်သက်လို့ သုံးသပ်ချက်၊ ဝေဖန်ချက်တွေကို စာရေးဆရာကြီးများ ရေးကြတယ်။ အဲဒီဝေဖန်ချက်၊ သုံးသပ်ချက်တွေကိုဖတ်ပြီးတော့ ဒီစာအုပ်ကို ဖတ်ချင်တဲ့စိတ်၊ မဖတ်ချင်တဲ့စိတ်တွေ ဖြစ်ကြတယ်။ ဒီမှာလည်း တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူကြဘူး။ စာအုပ်တွေဝေဖန်တဲ့အခါမှာ တစ်ယောက်က သိပ်ကောင်းပါတယ်လို့ ပြောပြီး နောက်တစ်ယောက်က လုံးဝမကောင်းပါဘူးလို့ ပြောရင်လည်း ပြောတာပဲ။ နောက်ဆုံးကျတော့ ကိုယ့်ဘာသာကိုယ် ဝေဖန်တတ်အောင်၊ ဆုံးဖြတ်တတ်အောင် ကိုယ်ဖတ်မှပဲရမှာပါ။ ဒါကြောင့် စာအုပ်ဖတ်ခြင်းဟာ တန်ဖိုးဘယ်လောက်ရှိသလဲ၊ မရှိသလဲဆိုတာကို ကျွန်မ ပြောလို့လည်းမရဘူး။ ကိုယ်ကိုယ်တိုင် သင်ယူရမှာပါပဲ။

ကျွန်မကတော့ ကျွန်မအတွက် တန်ဖိုးရှိတယ်လို့ ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောကပြောသလို ကမ္ဘာကြီးက ကျယ်သွားတယ်။ နောက်တစ်ခုက ကိုယ့်ရဲ့အတွင်းအင်အားကို ခိုင်မာလာအောင်၊ တိုးတက်လာအောင် စာဖတ်ခြင်းဟာ အများကြီး အထောက်အကူ ဖြစ်ပါတယ်။

ကျွန်မတို့ အခုခေတ်မှာဆိုရင် မူးယစ်ဆေးဝါးမသုံးစွဲဖို့ လူငယ်တွေကို အမြဲပဲတိုက်တွန်းတယ်။ ကိုယ့်ဘဝပျက်မယ် စသဖြင့်ပေါ့။ ဒါပေမယ့် မူးယစ်ဆေးဝါးပဲဖြစ်ဖြစ်၊ အရက်သေစာပဲဖြစ်ဖြစ်၊ ဆေးလိပ်သောက်တာပဲဖြစ်ဖြစ်၊ ကွမ်းဝါးတာပဲဖြစ်ဖြစ် အဲဒီအလေ့အကျင့်တွေကို ကျွန်မ မကြိုက်တဲ့ အကြောင်းရင်းတစ်ခုက ဘာလဲဆိုတော့ ပြင်ပအရာတွေကို အားကိုးပြီး ကိုယ့်စိတ်ရဲ့အင်အားကိုရှာတာ ဒီလို ကျွန်မမြင်တယ်။ အရက်ကို အားကိုးတယ်ဆိုရင် အားလုံးသိတဲ့အတိုင်းပဲ အရက်ကြိုက်တဲ့သူက အရက်ကို စိတ်ချမ်းသာလို့ သောက်တာရှိတယ်။ စိတ်ဆင်းရဲလို့ သောက်တာလည်းရှိတယ်။ မိဘနဲ့ရန်ဖြစ်လို့ သောက်တာလည်းရှိတယ်။ တစ်ခါတလေ စာမေးပွဲအောင်လို့ ပျော်လို့ သောက်တာတွေရှိတယ်။ အမျိုးမျိုးပဲ။ သောက်ချင်တော့ သောက်ရမယ့် အကြောင်းအရာတွေက အများကြီးပါပဲ။ ဆေးလိပ်သောက်တယ်ဆိုရင်လည်း ဒါပြင်ပအရာတစ်ခုကို အားကိုးသွားတယ်။ ဆေးလိပ်မသောက်ရရင် မနေနိုင်ဘူး။

ကျွန်မတို့ နိုင်ငံရေးလှုပ်ရှားခဲ့ရတဲ့ အချိန်ကာလမှာဆိုရင် ကျွန်မတို့ ရဲဘော်ရဲဘက်တွေ တော်တော်များများဟာ အကျဉ်းကျတဲ့ဘဝကို ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီအကျဉ်းကျတဲ့အခါမှာ ကွမ်းမစားရလို့၊ ဆေးလိပ်မသောက်ရလို့ စိတ်ဒုက္ခရောက်ရတဲ့သူတွေက အများကြီး၊ အဲဒီတော့ ကျွန်မက ကိုယ့်စိတ်ဒုက္ခကို ရှာခဲ့တာပဲလို့။ ဘာလို့ အစတုန်းက စသောက်ခဲ့လဲ။ကျန်းမာရေးအတွက်လည်း မကောင်းဘူး။ ပိုက်ဆံလည်းကုန်တယ်။ ကျွန်မပြောတယ်။ ဆေးလိပ်သောက်မယ့်အစား ဒီဆေးလိပ်ဖိုးပိုက်ဆံတွေကို မီးရှို့လိုက်ပါလား။ ဘာလို့လဲ

> ငယ်ငယ်ကတည်းက စာအုပ်တွေကို ချစ်မြတ်နိုးတဲ့စိတ်တွေ သန္ဓေတည်သွားရင် တစ်သက်လုံး စာဖတ်ခြင်းဟာ ကိုယ့်အတွက် အကျိုးပြုနိုင်သလို ကိုယ့်ပတ်ဝန်းကျင်အတွက် အကျိုးဖြစ်အောင်လည်း သုံးတတ်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြောချင်တာက ဝါသနာအရ စာဖတ်ပါ၊ စာဖတ်ခြင်းဆိုတာ ဆေးလိပ်သောက်တာထက် အများကြီးပိုကောင်းပါတယ်

ဆိုတော့ အတူတူပဲ။ ဒါပေမယ့် ကျန်းမာရေးကို မထိခိုက်ဘူး။ ဆေးလိပ်အတွက် ဒီပိုက်ဆံနဲ့ ဆေးလိပ်ဝယ်တယ်။ ပြီးတော့ ဆေးလိပ်သောက်တယ်ဆိုရင် ဒီပိုက်ဆံကို မီးရှို့တာနဲ့ အတူတူပဲ။ ဒါထက် ပိုဆိုးတာက ကိုယ့်ကျန်းမာရေးလည်း ထိခိုက်တယ်။ ကိုယ့်ပတ်ဝန်းကျင်က သူတွေရဲ့ ကျန်းမာရေးလည်း ထိခိုက်တယ်။ အဲဒီဟာတွေကို ကျွန်မ မကြိုက်တာပါ။ ပြင်ပကမလိုအပ်တဲ့ အရာတွေကို ကိုယ့်ကိုယ်ကိုယ် အားကိုးအောင် ကိုယ်လုပ်ယူတာ။သူများက လုပ်ယူလို့လည်း မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ဒီဟာကို စွဲသွားအောင်လုပ်တယ်။ ကိုယ့်ဘာသာကိုယ် ဒီစွဲသွားခြင်းကြောင့် စိတ်ဒုက္ခရောက်အောင်လုပ်တယ်။ ဒါမသောက်ရရင်၊ ဒါမစားရရင် မနေနိုင်ဘူးဆိုတဲ့ အခြေအနေဖြစ်အောင်လုပ်တယ်။

**များစွာသောအဖော်တွေ**

စာအုပ်ကျတော့ စာအုပ်သိပ်စွဲသွားတဲ့သူတွေက မှန်ပါတယ်၊ စာအုပ်ဖတ်ချင်တယ်။ စာအုပ်မရှိတဲ့အခါကျရင် စာအုပ်ကိုတမ်းတတယ်။ ဒါပေမယ့် အဲဒါကဘာလဲဆိုတော့ စာအုပ်မြတ်နိုးသူတွေက စာအုပ်မရှိတဲ့အခါကျရင် အရင် ကိုယ်ဖတ်ခဲ့တဲ့စာအုပ်တွေအကြောင်း ပြန်စဉ်းစားပြီးတော့ အားပြန်ယူလို့ရတယ်။ ဆေးလိပ်သောက်ခဲ့တဲ့သူဟာ အရင်တုန်းကသောက်ခဲ့တဲ့ ဆေးလိပ်ထောင်ပေါင်းများစွာကို စဉ်းစားပြီး တင်းတိမ်မှာမဟုတ်ဘူး။ ဒီဆေးလိပ်လေး အခုချက်ချင်းလက်ငင်း ဆေးလိပ်တစ်လိပ် သောက်လိုက်ရမှ သူ့စိတ်ထဲမှာ ကျေနပ်သွားမှာ။ ဒါပေမယ့် စာအုပ်ဖတ်တဲ့သူတွေ၊ စာအုပ်တွေအများကြီး ဖတ်ထားပြီး စာအုပ်မြတ်နိုးသူတွေက အချိန်မရွေး ကိုယ့်မှာ အဖော်ရှိနေတယ်။ ဟိုးအရင်တုန်းက ဖတ်ခဲ့တဲ့ စာအုပ်ပေါင်းမြောက်မြားစွာဟာ ကိုယ်တစ်ယောက်တည်းရှိတဲ့အချိန်မှာ ကိုယ့်ရဲ့ များစွာသောအဖော်တွေပဲ။ ရိုးရိုးအဖော်တွေတောင် မဟုတ်ဘူး။ ကိုယ့်ကိုအားပေးမယ့် အဖော်တွေ၊ အဲဒီစာအုပ်တွေထဲမှာ ဖတ်ခဲ့ရတဲ့၊ သိခဲ့ရတဲ့ အတွေးအခေါ်တွေနဲ့ ဘဝကို ဘယ်လိုရင်ဆိုင်ရမလဲ ဆိုတာကို အမျိုးမျိုး ကိုယ့်အတွက် အကြံဉာဏ်တွေရတယ်။ ကိုယ့်ဘေးကနေပြီး ဒီလိုလုပ်ရင်၊ ဒီလိုဖြစ်နိုင်တယ်လို့ ပြောနေတဲ့မိတ်ဆွေတွေလိုပဲ။ ဒါကြောင့် စာဖတ်ပါ။ စာဖတ်ပါဆိုတာ ကျွန်မကတော့ နံပါတ်တစ်က ကိုယ့်အတွက် အကျိုးအများကြီးရှိတယ်။ ဗဟုသုတရတယ်ဆိုတာက သက်သက်ပေါ့။ အဲဒါအပြင် ကိုယ့်ရဲ့စိတ်ဓာတ်ကို ခိုင်ခိုင်မာမာနဲ့ ကိုယ့်ကိုယ်ကိုယ်အားကိုး နိုင်စွမ်းကို စာများများဖတ်ခြင်း၊ သင့်တော်တဲ့စာပေတွေပေါ့။ ဒါပေမယ့် စောစောက ပြောသလို သင့်တော်တာ မသင့်တော်တာ စာများများဖတ်မှပဲ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်နိုင်မှာပါ။

ဒီဆုံးဖြတ်နိုင်တဲ့ အခြေအနေမရောက်ခင် ကလေးသူငယ်တွေကျတော့ မိဘ ဆရာများက ကူညီပေးရမယ်။ ဖတ်သင့်တဲ့စာအုပ်တွေကို ငယ်ငယ်ကတည်းကနေ စာအုပ်ကောင်းတွေဖတ်အောင် အလေ့အကျင့်လုပ်ပေးရင် ကြီးလာတဲ့အခါ ကိုယ့်ဘာသာကိုယ် ရွေးတတ်လာမယ်။ ဒီစာအုပ်တွေက အကျိုးရှိတယ်။ ဒီစာအုပ်တွေက အကျိုးမရှိဘူး။ နောက်ဘယ်စာအုပ်တွေ၊ ဘယ်စာရေးဆရာရေးတဲ့ စာအုပ်တွေဆိုရင် အနှစ်သာရ ပိုပြီးရှိတယ်။ ဘယ်စာရေးဆရာ၊ ဆရာမတွေကျတော့ သူတို့စာအုပ်တွေက ယှဉ်ကြည့်ရင် အနှစ်သာရနည်းတယ်ဆိုတာ ပထမပိုင်းမှာ လူကြီးတွေရဲ့ သွန်သင်ဆုံးမမှုအရ ဒီအတွေးတွေက ဝင်လာတာပဲ။

**မတူတဲ့အမြင်တွေ**

နောက်ကျတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်နိုင်တဲ့အခြေအနေ ရောက်လာတယ်။ အဲဒီအခြေအနေရောက်လာတဲ့အခါကျတော့ တစ်ယောက်နဲ့ တစ်ယောက်လည်း အမြင်ချင်းတူချင်မှတူမှာ။ အမြင်ချင်းမတူတာကိုက စာအုပ်များရဲ့ ကွာခြားမှုရဲ့အကျိုးဆက်တစ်ခုကိုက ကျွန်မတို့အတွက် အများကြီး တန်ဖိုးရှိပါတယ်။ မတူတဲ့အမြင်တွေ။ ဒီစာအုပ်တစ်အုပ် ဖတ်လိုက်ခြင်းအားဖြင့် ကိုယ့်အမြင်တွေ ဘယ်လောက်ပြောင်းသွားသလဲ။ စာအုပ်ဖတ်တယ်ဆိုတာ တချို့ကနေ ဇာတ်လမ်းကိုပဲဖတ်ပြီး တခြား ဘာမှသိပ်မစဉ်းစားတော့ဘူး။ ဒါပေမယ့် စာအုပ်တွေရဲ့ အဓိကအနှစ်သာရက အတွေးအခေါ်ပဲ။ အရေးအသား ကောင်းမွန်တာလည်း အရေးကြီးပါတယ်။ ဒါပေမယ့် အတွေးအခေါ်က အမြဲပဲ ကိုယ်နဲ့ရှိနေတာပေါ့။ ကိုယ့်ရဲ့ဘဝအပေါ်မှာ အများကြီး ဩဇာလွှမ်းမိုးနိုင်တယ်။ တချို့စာရေးဆရာတွေလည်း ဒါကိုပဲ ဦးတည်တာပဲ။ ကျွန်မ ခုနက ပြောသလိုပဲ စာရေးတာ ဘာဖြစ်လို့ရေးသလဲ။ မျှဝေချင်လို့ရေးတယ်။ တချို့ကျလည်း တခြားသူတွေကို ဒီလိုဒီလိုတွေးစေချင်တယ်ဆိုတဲ့ ဩဇာလွှမ်းမိုးချင်တဲ့ စိတ်နဲ့ ရေးတာတွေလည်း ရှိပါတယ်။ ဒါကတော့ သုတစာပေမှာလည်းရှိတယ်။ ရသစာပေမှာလည်းရှိတယ်။ အခု ကျွန်မတို့ ပြောနေတာကတော့ ရသစာပေအကြောင်းပါ။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် ကလေးများ ငယ်ငယ်ကတည်းကနေစပြီး စာဖတ်ဖို့အတွက် မိဘတွေက အားပေးကြပါ။ နောက်ပြီးတော့ ဖတ်တဲ့စာတွေကို ဆွေးနွေးတဲ့ အလေ့အကျင့်လည်း လုပ်ပေးပါ။ ကျွန်မတို့စာဖတ်ဝိုင်းလုပ်တယ်ဆိုတာ ဒါပါပဲ။ ကိုယ်ဖတ်ထားတဲ့စာကို ကိုယ်သုံးသပ်နိုင်အောင်လို့၊ ဆွေးနွေးတတ်အောင်လို့ တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းမတူတာကို ယဉ်ယဉ်ကျေးကျေးနဲ့ ဆွေးနွေးနိုင်အောင်လို့ ဖြစ်ပါတယ်။

**အတွေးပေါင်းစုံ**

ငါနဲ့မတူငါ့ရန်သူဆိုတဲ့ စိတ်ဓာတ်မဟုတ်ဘူး။ ငယ်ငယ်ကတည်းက စာအုပ်တစ်အုပ် ဖတ်လိုက်တဲ့အခါကျရင် ကလေးငါးယောက်က စာအုပ်တစ်အုပ်ဖတ်တယ်၊ သူတို့အတွေးက ငါးမျိုးထွက်လာတယ်။အဲဒီကတည်းက သြော် - တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ မတူပေမယ့်လည်း ဟိုလူကမှားတယ်၊ ငါ့လူကမှန်တယ်။ ဟိုလူကသာတယ်။ ငါကညံ့တယ်။ ဒီလိုဟာမျိုးလည်းမဟုတ်ဘူး။ သူ့အတွေးနဲ့ သူ့အတွေး အားလုံးပေါင်းလိုက်တဲ့အခါ ပိုပြီး အတွေးပေါင်းစုံသွားလို့ ပိုပြီးပြည့်စုံတယ်ဆိုတဲ့ စိတ်ဓာတ်တွေကိုလည်း ဖြစ်စေလို့ စာဖတ်ဝိုင်းတွေကို ကျွန်မတို့ အားပေးတာဖြစ်ပါတယ်။

ဒါကြောင့်လည်း စာကြည့်တိုက်တွေကို အားပေးတာဖြစ်ပါတယ်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေပြီး ရွေ့လျားစာကြည့်တိုက် စပြီးလုပ်တယ်ဆိုတာလည်း ဒီရည်ရွယ်ချက်နဲ့ပါ။ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားများဟာ စာမဖတ်ချင်လို့ မဟုတ်ဘူး။ စာမဖတ်နိုင်လို့၊ စာအုပ်မရှိလို့၊ ဖတ်နိုင်တဲ့အခွင့်အရေးမရှိလို့ မဖတ်တာများတယ်လို့ ကျွန်မက အဲဒီယုံကြည်ချက်နဲ့ ရွေ့လျားစာကြည့်တိုက်တွေကို စလုပ်တာပါ။ တချို့က သိပ်ပြီးတော့ သဘောမတူဘူး။ ဒါပေမယ့် အင်မတန်မှ ထိရောက်ပါတယ်။

ဘယ်လိုစာကြည့်တိုက်ပဲဖြစ်ဖြစ် ကျွန်မတို့ စပြီးထူထောင်ရင် တလေးတစားလုပ်ဖို့ လိုပါတယ်။ ဥပမာ - ကျွန်မ ခဏခဏပြောပါတယ်။ တချို့မြို့နယ်တွေမှာ စာကြည့်တိုက်၊ မြို့ထဲက စာကြည့်တိုက်တွေ သွားကြည့်လိုက်ရင် ဘယ်သူမှ မလိုချင်တဲ့စာအုပ်အဟောင်းကြီးတွေ၊ မဂ္ဂဇင်းအစုတ်ကြီးတွေ၊ တစ်ခါတလေ ဟိုကျောင်းစာအုပ်အနွမ်းကြီးတွေကို အိမ်မှာမထားချင်လို့၊ နေရာယူတယ်ဆိုပြီး ပေးထားတဲ့ဟာတွေ ဘယ်သူက ဖတ်ချင်မှာလဲ။ စာဖတ်ချင်တဲ့စိတ်ဖြစ်အောင် ဒီလိုဟာမျိုးတွေက မလှုံ့ဆော်ဘူး။

ကျွန်မတို့ ရွေ့လျားစာကြည့်တိုက်မှာဆိုရင် အထူးသဖြင့် ကလေးတွေ ဖတ်ချင်တဲ့စာအုပ်မျိုးကို ကျွန်မတို့ အများကြီးထည့်ပါတယ်။ ရုပ်ပုံလေးတွေ အများကြီးနဲ့ အရောင်တွေက လှလှပပ တောက်တောက်ပပ ဖတ်ချင်အောင် ဒီစာအုပ်လေးတွေ ဖွင့်ကြည့်ချင်အောင်လို့၊ အဖုံးကိုကြည့်တာနဲ့ ဒီစာအုပ်ကို ဖွင့်ပြီး ဒီစာအုပ်လေးကို စမ်းကြည့်ချင်အောင်၊ မြည်းကြည့်ချင်အောင်လို့ အဲဒီပုံစံနဲ့ ကျွန်မတို့လုပ်ပါတယ်။

**ဝါသနာအရစာဖတ်**

ငယ်ငယ်ကတည်းက စာအုပ်တွေကို ချစ်မြတ်နိုးတဲ့စိတ်တွေ သန္ဓေတည်သွားရင် တစ်သက်လုံး စာဖတ်ခြင်းဟာ ကိုယ့်အတွက် အကျိုးပြုနိုင်သလို ကိုယ့်ပတ်ဝန်းကျင်အတွက် အကျိုးဖြစ်အောင်လည်း သုံးတတ်သွားကြမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြောချင်တာက ဝါသနာအရ စာဖတ်ပါ၊ စာဖတ်ခြင်းဆိုတာ ဆေးလိပ်သောက်တာထက် အများကြီးပိုကောင်းပါတယ်။ နောက်ပြီး ဆေးလိပ်က တစ်ခါသောက်ပြီးရင် ကုန်သွားရော။ စာအုပ်တစ်အုပ်က ဝယ်ထားပြီးရင် တစ်သက်ထားချင်ရင်လည်း ထားလို့ရတယ်။ ဒါကို ကောင်းကောင်းမွန်မွန်ထားရင်ပေါ့။ ဆေးလိပ်တို့၊ အရက်တို့အပေါ်မှာ ပိုက်ဆံကုန်ခံမယ့်အစား စာအုပ်ကောင်းတွေဝယ်ပါ။ ဒါမှမဟုတ် တခြားသူတွေအတွက် ဝယ်ပြီးလှူပေးပါ။ ကိုယ်ကိုယ်တိုင်မဖတ်ချင်ရင်တောင်မှ ကိုယ်ကိုယ်တိုင်ဖတ်ဖို့ အချိန်မရှိဘူးပဲဆိုဆို၊ တခြားအကြောင်းကြောင်းကြောင့် မဖတ်ချင်ဘူးဆိုရင်တောင်မှ စာကြည့်တိုက်တွေ၊ ကျောင်းစာကြည့်တိုက်တွေ၊ မြို့နယ်စာကြည့်တိုက်တွေကိုလှူပါ။ စာအုပ်ကောင်းတွေကိုလှူပါ။ မဖတ်ချင်တဲ့စာအုပ်၊ ကိုယ်မလိုချင်တဲ့စာအုပ်တွေ၊ အိမ်ရှင်းတဲ့အနေနဲ့ ပေးချင်တဲ့စိတ်ဓာတ်နဲ့ လှူတာက သိပ်ပြီး သန့်တဲ့အလှူမဟုတ်ဘူးလို့ ကျွန်မကတော့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လူငယ်တွေ စာအုပ်ချစ်မြတ်နိုးအောင်၊ စာဖတ်တတ်အောင်၊ စာဖတ်တဲ့ဝါသနာ ရှင်သန်အောင် အားလုံးဝိုင်းဝန်းပြီး ကူညီပေးကြပါလို့ ကျွန်မအနေနဲ့ ဆော်ဩရင်း၊ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

# ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ စီးပွားဖြစ်ထုတ်လုပ်နိုင်မည့်ပမာဏရှိပါက ပြည်သူလူထုထံ ထုတ်ပြန်ကြေညာသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုအား လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်း၊ အစီရင်ခံစာနှစ်ခုအား သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်စကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **နိုင်ငံတစ်ဝန်းမြို့ဟု သတ်မှတ်အသိအမှတ်ပြုထားသည့် မြို့များတွင် လိုအပ်သည့် ဖွံ့ဖြိုးစည်ပင်သာယာရေးအတွက် ရေတိုရေရှည်အစီအမံများချမှတ်၍ ရန်ပုံငွေချပေးကာ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက မြို့ဟုသတ်မှတ်ထားသောမြို့များတွင် မြို့စည်ပင်သာယာရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ စည်ပင်သာယာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည့် မြို့မှာ မြို့အနည်းစုသာဖြစ်ပြီး ကျန်မြို့များတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ၏ စီမံခန့်ခွဲမှုဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေး စည်ပင်သာယာရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ခွဲဝေထောက်ပံ့ရရှိသော ရန်ပုံငွေအရသာ နှစ်စဉ်စီမံချက်ရေးဆွဲ၍ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

မြို့များတွင် အခွန်အကောက်ရရှိမှုနည်းပါးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း၊ ဖွံ့ဖြိုးမှုအခြေခံအချက်များ မတူညီခြင်း၊ နယ်မြေဒေသ တည်နေရာနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေ ကွဲပြားခြားနားခြင်းတို့ကြောင့် မြို့များမှတင်ပြလာသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုသာစိစစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများမှ ထောက်ပံ့ရန်ပုံငွေ ခွဲဝေပေးလျက်ရှိပါကြောင်း မြို့ကြီးများနှင့် မြို့နယ်အဆင့်ရှိ စည်ပင်သာယာရေးကော်မတီတို့တွင် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း မြို့ဟုသတ်မှတ်သော မြို့အများစုတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ နှစ်စဉ်ချမှတ်ပေးသော ရန်ပုံငွေအတိုင်းအတာကိုသာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့်ပူးပေါင်း၍ နှစ်စဉ်စီမံချက်များချမှတ်ပြီး မြို့ဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များအပေါ် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

## ပညာရေးဝန်ထမ်းများစေလွှတ်ရာတွင် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများကို စေလွှတ်ပေးရန် စီစဉ်ဆောင်ရွက်နေ

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့နယ်တွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားလာစေရန်အတွက် အပြစ်ပေးအရေးယူခံရသော ပညာရေးဝန်ထမ်းစေလွှတ်ခြင်းထက် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများ စေလွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ထမ်းများစေလွှတ်ရာတွင် ကြိုးစားအားထုတ်မှုရှိပြီး ဒေသနှင့်ကိုက်ညီသင့်လျော်သော ပညာရေးဝန်ထမ်းများကို စေလွှတ်ပေးရန် စီစဉ်ဆောင်ရွက်နေပါကြောင်းနှင့် ဒေသသို့ ပြစ်ဒဏ်ကျဝန်ထမ်းများကိုသာ စေလွှတ်ခြင်းမျိုး မဆောင်ရွက်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကုန်းတွင်းလုပ်ကွက်ရေနံမြေနှင့် ကမ်းလွန်လုပ်ကွက်များကို ရေနံကုမ္ပဏီများနှင့် စာချုပ်များချုပ်ဆိုပြီးဆောင်ရွက်ရာတွင် ၎င်းလုပ်ကွက်များ၏ ဆိုက်စမစ်တိုင်းတာခြင်းအခြေအနေများကို သိလိုခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အခြေအနေများ ရှိ၊ မရှိ သိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လက်ရှိအချိန်တွင် ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက် ၂၀ တွင် ဆိုက်စမစ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ကမ်းလွန်လုပ်ကွက် A-6၊ AD-1 နှင့် AD-7 တို့တွင် သဘာဝဓာတ်ငွေ့ရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့သဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် ပမာဏရှိ၊ မရှိ အခြေအနေကို သိရှိနိုင်ရန် အသေးစိတ်စူးစမ်းလေ့လာမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် စီးပွားဖြစ်ထုတ်လုပ်နိုင်မည့်ပမာဏများရှိသည်ဆိုပါက ပြည်သူလူထုထံ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်တင်ထားခြင်း၊ ခွင့်ပြုမိန့်ချပေးခြင်းမရှိဘဲ အိမ်ခြံကွက်ဖော်ထုတ်မှုများ၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံအောက်ပိုင်း၊ မြို့နှင့် ကျေးရွာရှိ မြေယာလက်စွဲဥပဒေတွင် မြို့မြေတိုးချဲ့ခြင်းများနှင့်



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်



ကျောက်တံတားမဲဆန္ဒနယ်မှ
ဦးနေမျိုးထက်

ပတ်သက်၍ အမိန့်ဆင့်ဆိုချက် ၂၄ နှင့် ၃၅ တို့တွင် စီမံချက်ရေးဆွဲဆောင်ရွက်ရန် နည်းလမ်းများ ပြဋ္ဌာန်းထားရှိပါကြောင်း၊ ကျေးလက်ဒေသများ သို့မဟုတ် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများအတွက် ရွာမြေ၊ မြို့မြေများ တိုးချဲ့ရန်လိုအပ်ပါက Town Plan၊ Village Plan အား သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ လိုအပ်သည့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စနစ်တကျ အစီအမံများရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် သတ်မှတ်စံနှုန်းများနှင့်လျော်ညီသည့် မြို့သစ်၊ ရွာသစ်များကို ဖော်ထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ စီမံခန့်ခွဲမှုပြည့်ဝသည့်အလျောက် အခြားနည်းကို ခွင့်ပြုချက်မရရှိဘဲ သုံးစွဲသည့်ကိစ္စများတွင် မိမိတို့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့မှ ထိရောက်စွာ တားမြစ်အရေးယူရေးကို ကြီးကြပ်ညွှန်ကြားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စည်းကမ်းမဲ့ ဆောင်ရွက်ခြင်းမပြုရေးတို့အတွက် ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ချမှတ်အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး(ခ)ဦးကျော်ဦး၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်တို့၏မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးတို့က ရှင်းလင်းဖြေကြားကြသည်။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးကျော်စိုးလွင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးက အစီရင်ခံစာအား သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးတင်ထွန်းနိုင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထား ရယူအတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာအား လွှတ်တော်သို့တင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးကာလအတွင်း ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးတို့ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အစည်းအဝေးကျင်းပရက် (၁၇) ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြ မေးခွန်း (၁၂၇)ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြ မေးခွန်း (၄၃၈)ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုကိုးခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို သုံးခု၊ မှတ်တမ်းတင်အဆိုသုံးခုတို့ဖြစ်ပြီး တင်သွင်းပြီးဆွေးနွေးရန်ကျန်အဆိုသုံးခု ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများအနေဖြင့် ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း (၂၆)ခုရှိပြီး ဥပဒေကြမ်း ကိုးခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၇ ခု ကျန်ရှိပါကြောင်း၊ နည်းဥပဒေတစ်ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကော်မတီ ၁၂ ခု၏ အစီရင်ခံစာများ အတည်ပြုခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နေသည့်ကာလတွင် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့်ကိစ္စများကို မိမိတို့အားလုံးက ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမည့် အချိန်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အရည်အချင်းပြည့်ဝနေရန် လိုအပ်သကဲ့သို့ ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွှတ်တော်များ ခိုင်မာအားကောင်းနေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆက်ဆံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်ကြရာတွင် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲများ မထားရှိဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြမည်ဟု ခံယူထားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် မေးခွန်းများ၊ အဆိုများကို မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကဖြစ်စေ ဆောင်ရွက်သည့် ကိစ္စများကို အမြဲတမ်းအားပေးကြိုဆိုရမည်ပင် ဖြစ်ပါကြောင်း၊ ထို့အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေများနှင့် ပြင်ဆင်သင့်သည့်ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးသည် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ပင် ဖြစ်ပါကြောင်း၊ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အလေးထားဆန်းစစ်သုံးသပ်၍ လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးနိုင်ရေးကို လွှတ်တော်က ထိန်းညှိကူညီဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရိုင်းပင်းသည့် စိတ်ဓာတ်အပြည့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်နိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည့် အရေးကြီးဆုံးကိစ္စမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန်ပင်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ငြိမ်းချမ်းရေးကော်မရှင်၏ ထုတ်ပြန်ကြေညာချက်ကို မိမိတို့လွှတ်တော်က ကြိုဆိုဂုဏ်ပြုပါကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ နိုင်ငံရေးပြဿနာများကို အမြန်ဆုံး ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ NCA တွင် ပူးပေါင်းပါဝင်လာနိုင်ရေးဆောင်ရွက်နိုင်ကြပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေးတာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ ပြည်သူ့ကြားက ပြည်သူ့ကိုယ်စားလှယ်များအဖြစ် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်နိုင်ရန် ပြည်သူလူထုအင်အားဖြင့် (Public Democratic Participation) ဖော်ဆောင်ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းက သွေဖည်သွားစေနိုင်သည့် အန္တရာယ်များကိုလည်း မျက်ခြည်မပြတ် သတိပြုကာကွယ်ပေးကြပါ။

မိမိတို့ မဲဆန္ဒနယ်မြေအလိုက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများ တည့်မတ်မှန်ကန်အောင် ထိန်းညှိဆောင်ရွက်ပေးကြပါ။ ထိုသို့ဆောင်ရွက်သည့်အခါ ကိုယ်စားလှယ်လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ ဝင်ရောက်စွက်ဖက်သည့် ပုံစံမျိုးမဖြစ်စေရန်လည်း သတိပြုဆောင်ရွက်ကြပါ။ ပြည်သူများကို ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံပြီး ယုံကြည်အားကိုးတန်ဖိုးထားရသည့် ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးစားဆောင်ရွက်ကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်သည့် တိန်ဆီး-ရမ်စီးလမ်းပိုင်းတွင် တံတားခြောက်စင်းတည်ဆောက်ရန် လျာထား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်ရှားမူ၏ ကယားပြည်နယ် လွိုင်ကော် ခရိုင် ဖရူဆိုမြို့နယ် တော်ခူကျေးရွာအုပ်စု ပလိုဒေးခိုမှ ပရက်စောခူထိ ၅ မိုင် ၄ ဖာလုံ၊ ပရက်စောခူမှ သော်ခူထိ ၂ မိုင် ၅ ဖာလုံ၊ သော်ခူမှ ခေါပရာထိ ၂ မိုင်၊ စုစုပေါင်း (၁၀/၁) မိုင်အား မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က တော်ခူရွာသစ်မှ ခေါပရာကျေးရွာအထိ (၁၄/၁)မိုင် လမ်းအဆင့်မြှင့်တင်ခြင်းတွင် ဆောင်ရွက်ရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ ပလိုဒေးခိုမှ ခေါပရာအထိ စုစုပေါင်း (၉/၄)မိုင် မြေသားလမ်းဖောက်လုပ်ခြင်းအတွက် ကယားပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းလျာထားချက်တွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ချင်းပြည်နယ် မတူပီခရိုင်နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တို့ကို ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်သည့် တိန်ဆီး-ရမ်စီးလမ်း (၅၆)မိုင် လမ်းပေါ်ရှိ အဓိကလိုအပ်သော တံတား (၆)စင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က တိန်ဆီး-ရမ်စီး လမ်းပေါ်ရှိ အဓိကလိုအပ်သော တံတား (၆)စင်း တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ (၁၃)နှစ်စီမံကိန်းအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပေ(၄၀) တံတား သုံးစင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပေ (၅၀) တံတားနှစ်စင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပေ (၁၀၀) တံတားတစ်စင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် လျာထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းနှင့် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းပန်ဖတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်း

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးအောင်ကြည်ညွန့်က **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်း ကော်မတီ၏ မူလပြင်ဆင်ချက်များနှင့် ထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန်နှင့် အစီရင်ခံစာပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်၏ ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပစဉ်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အဆိုပါ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုရန် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမြမင်းဆွေက ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များ**နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အစည်းအဝေးကျင်းပရက် (၁၇)ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် **မေးခွန်းမေးမြန်းခြင်း ကဏ္ဍ**တွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၁၀၅)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၁၀၂) ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

## တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

**အဆိုတင်သွင်းခြင်း ကဏ္ဍ**တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိသဘာဝသယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးတုံးခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူသတိပြုမှု မြင့်တက်စေရန်နှင့် ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာ အရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို အတည်ပြုခဲ့ပါကြောင်း။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့်** အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်း**ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ **အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

**မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ **ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်း၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်း**တို့အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း၊ စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**တို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်သည့်** ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းထားသည့် **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**ကို အစီရင်ခံစာ ပြန်လည်ဖတ်ကြားခြင်း၊ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစိုးမိုး တင်သွင်းသည့် **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**အစီရင်ခံစာ** တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

## ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြား

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၁၉) ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၅)ကြိမ်၊ လွှတ်တော်အခွင့်အရေး ကော်မတီ (၁)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ(၁၁)ကြိမ်၊ နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၂)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ(၄) ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (၅) ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၄)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၄)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ(၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ (၆)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၅)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ(၆) ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ (၃)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၂)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ (၃)ကြိမ် စုစုပေါင်း ကော်မတီအစည်းအဝေး (၉၃)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန်ဆွေးနွေးပွဲ (Debate) ကို (၂)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါကြောင်း၊ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း စာတမ်းတို (၂)စောင်ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် (၆၇)ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် (၆၇)ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ (၁၀)ချက် ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိုးအောင်နိုင် ကျုံပျော် မဲဆန္ဒနယ်၏ မိသားစုဝင် တစ်ဦး၊ ဦးဇော်မင်း အုတ်ဖို မဲဆန္ဒနယ်၏ မိသားစုဝင် သုံးဦး၊ ဦးလှထွန်းအောင် မလှိုင် မဲဆန္ဒနယ်၏ မိတ်ဆွေ ငါးဦး၊ ဦးအေးမင်းအောင် ပေါင်းတည်မဲဆန္ဒနယ်၏ မိတ်ဆွေ (၂၄)ဦး၊ ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသည့် Top ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒေါက်တာငွေးခိုင် ဦးဆောင်သည့် အုပ်ချုပ်သူဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၁၄ ဦးနှင့် ဖောင်တော်ဦး ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးတွဲဖက် အထက်တန်းကျောင်းမှ ဦးအောင်မြင့်သူ ဦးဆောင်သည့်အဖွဲ့ ၃၀ စုစုပေါင်း ၄၇၇ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၄၃၉၇ ဦးနှင့် ပြည်ပဧည့်သည် ၁၉၅၁ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိမိတို့တိုင်းပြည်ကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်

## စာဖတ်ခြင်းသည် လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့်ကဏ္ဍအဖြစ် ပါဝင်နေသည်ဟု ယုံကြည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်မှာ စာပေကို အထွတ်အမြတ်၊ အလေးအမြတ်ပြုလိုသည့် သဘော၊ စာပေချစ်မြတ်နိုးမှုကို ပို၍အခိုင်အမာပြုလိုသည့် သဘော၊ စာပေချစ်မြတ်နိုးသည့် စိတ်ဓာတ်များ၊ နိုင်ငံအဝန်း လူကြီး၊ လူငယ်များအကြား ပျံ့နှံ့သွားစေလိုသည့် သဘောထားရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ပါကြောင်း။

တိတိကျကျ ပြောရမည်ဆိုပါက စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု ပြုလုပ်ရသည့်ရည်ရွယ်ချက်သည် နိုင်ငံသူ၊ နိုင်ငံသားများ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပါကြောင်း၊ စာဖတ်သည့်လူမျိုးများ တိုးတက်ကြီးပွားကြသည်ကို အများလက်ခံထားပြီးဖြစ်ပါကြောင်း၊ အပြန်အလှန်အားဖြင့် တိုးတက်ကြီးပွားနေသည့် တိုင်းပြည်မှ ပုဂ္ဂိုလ်များသည် စာအလွန်ဖတ်ကြပါကြောင်း။

### သိသူ၊ တတ်သူများ ပိုမိုပေါများလာအောင်

တိုင်းပြည်တစ်ပြည်တွင် သိသည့်၊ တတ်သည့်ပုဂ္ဂိုလ်များ များလာပါက အခြားတိုင်းပြည်ထက် ပို၍သာသွားမည်ပင်ဖြစ်ပါကြောင်း၊ ယခုစာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုသည် မိမိတို့တိုင်းပြည်တွင် သိသူ၊ တတ်သူများ ပိုမိုပေါများလာအောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများကို စာဖတ်ကြစေချင်ပါကြောင်း၊ အသက်အရွယ်နှင့် လက်တွေ့ဘဝ သဘာဝကိုလိုက်၍ အမျိုးအစားခွဲခြားကြည့်ပါကြောင်း၊ ထိုသို့ခွဲခြားရာတွင် စာသင်သားအရွယ်၊ အလုပ်လုပ်သည့် အရွယ်နှင့် အလုပ်နားသည့် အရွယ်ဟူ၍ သုံးမျိုးတွေ့ရပါကြောင်း၊ စာသင်သားအရွယ်ဆိုသည်မှာ ကလေးသူငယ်များနှင့်လူငယ်များ ပါဝင်ပါကြောင်း၊ အလုပ်လုပ်သည့် အရွယ်ဆိုသည်မှာ အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်၊ လူလတ်များနှင့် အလုပ်လုပ်နေနိုင်သည့် လူကြီးများပါဝင်ပါကြောင်း၊ အလုပ်မလုပ်တော့သည့် အရွယ်ဆိုသည်မှာ လူဘဝ၌ ပြည့်စုံ၍ဖြစ်စေ၊ ဝန်ထမ်းဆိုလျှင် ပင်စင်ယူသွား၍ဖြစ်စေ၊ အလုပ်မလုပ်တော့ဘဲ အချိန်ပို၊ အချိန်အား ကျန်းမာနေဆဲ အရွယ်ဖြစ်ပါကြောင်း။

စာဖတ်ရာတွင် မည်သည့်စာအုပ်ကို ဖတ်ရမည်နည်းဟူသည့် အကြောင်းအရာကို စဉ်းစားသင့်ပါကြောင်း၊ စာဖတ်မည့်သူများကို မည်သို့သော စာအုပ်များ ဖန်တီးပေးကြမည်နည်းဟူသည့် အပိုင်းကိုလည်း စဉ်းစားကြရမည် ဖြစ်ပါကြောင်း။

ကလေးများစာဖတ်စေရန်နှင့် ကလေးစာပေဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ကလေးစာပေပွဲတော်များဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုနှင့် စိတ်ဝင်စားမှုများ ရှိလာပါကြောင်း၊ ကလေးနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများလည်း ပိုမိုထွက်ရှိလာပါကြောင်း၊ ကလေးစာပေများကို ပြုစုသည့် ပုဂ္ဂိုလ်များနှင့် ထုတ်လုပ်သည့်သူများကို ကျေးဇူးတင်ပါကြောင်း၊ အရည်အသွေးပိုင်းတွင် ယခုထက် ပိုမို၍ ကျယ်ပြန့်ပြည့်စုံသန့်စင်စေရေးကို စဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘာသာပြန်ကလေးစာပေများသာမက ပိုမိုကောင်းမွန်သည့် ကလေးစာပေများ ဖန်တီးပြုစုနိုင်ရန် စိတ်ကူးစိတ်သန်းများဖြင့် အားပေးစေလိုပါကြောင်း၊ သို့မှသာ ကလေးများအတွက် စာအုပ်စာပေ အသစ်အဆန်းများ တိုးပွားလာမည်ဖြစ်ပါကြောင်း။

### လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့တိုင်းပြည်ကို ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စာဖတ်ခြင်းသည် လူသယံဇာတဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသည့် ကဏ္ဍအဖြစ် ပါဝင်နေသည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ တစ်စုဖြင့် လုပ်ဆောင်၍မပြီးဘဲ အသိပညာကိစ္စရပ်တွင် စိတ်ဝင်စားသူတိုင်း၊ တိုင်းပြည်ကို မြတ်နိုးသောသူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဖြစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စာအုပ်စာပေဖြင့် အလုပ်လုပ်ကိုင်သောသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိရောင်းချသူများ၊ စာကြည့်တိုက်လုပ်ငန်း လုပ်ကိုင်သူများ၊ ကလေးများ၊ ဆရာဆရာမများ၊ စာပေ စာအုပ်အသိပညာနှင့် ပတ်သက်ဆက်စပ်သူများအနေဖြင့် စွမ်းအားရှိသမျှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုတွင် စာတတ်သူများဖြစ်လာစေရန် ပညာရေးဝန်ကြီးဌာန ဆရာဆရာမများ၊ ကျောင်းအုပ်များ၊ ပုဂ္ဂလိက ဆရာ ဆရာမများအားလုံးနှင့် မိဘ၊ အုပ်ထိန်းသူများ၊ ပြည်သူများတွင် တာဝန်ရှိပါကြောင်း၊ စာတတ်သူများဖြစ်လာစေရေး ပြုစုပျိုးထောင်၊ သင်ကြား၊ သင်ယူလေ့ကျင့်ပေးရန် အရေးကြီးပါကြောင်း၊ Grade-3 ပြီးသော ရှစ်နှစ်အရွယ် ကျောင်းသား ကျောင်းသူအားလုံးသည် ဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်မှသာ တစ်သက်လုံး စာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်မည်ဖြစ်ပါကြောင်း။

သင်ယူနိုင်ရေးတွင် ဖတ်တတ်ရန်အရေးကြီးသည့်အတွက် ဖတ်တတ်မှသာ သုတစာပေ၊ ရသစာပေများကို တစ်သက်တာလုံး သင်ယူလေ့လာနိုင်မည်ဖြစ်ရာ စာတတ်အောင် ကျောင်းများ၊ ဆရာ ဆရာမများသည် တာဝန်ရှိပါကြောင်း၊ ထို့ပြင် စာဖတ်နိုင်သည့်နေရာများဖြစ်သည့် ကျောင်းစာကြည့်တိုက်များ၊ လူထုအခြေပြုစာကြည့်တိုက်များ၊ ရပ်ကွက်ထဲမှ စာကြည့်တိုက်များ၊ အမျိုးသားစာကြည့်တိုက်များအထိ စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည်လည်း စာဖတ်နိုင်ရန် အားပေးနိုင်သည့်နေရာများ ဖြစ်ပါကြောင်း။

အထူးသဖြင့် မူလတန်းအရွယ် ကျောင်းသား ကျောင်းသူများ စာဖတ်တတ်သည့် အလေ့အထကောင်းများ အားပေးရန် အရေးကြီးသည့်အတွက် မူလတန်းကျောင်းများတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် တိုးချဲ့စီစဉ်နေပါကြောင်း၊ အထူးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီး စာကြည့်တိုက်များ တိုးချဲ့ပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူငယ်များ ယဉ်ကျေးပြီး မိမိနိုင်ငံ၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကောင်းများ၊ နိုင်ငံ၏ သမိုင်းကြောင်းများကို လေ့လာသုံးသပ်ကာ လူသားတစ်ဦးအနေဖြင့် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နေထိုင်ရန်နှင့် မတူကွဲပြားသည့်အထဲတွင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီပြီး အခက်အခဲများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများသည် လွန်စွာအရေးကြီးပါကြောင်း၊ စာအုပ်စာတမ်းများကို ဖတ်ရှုခြင်းအားဖြင့် ကောင်းခြင်း၊ ဆိုးခြင်း သင်ခန်းစာယူပြီး လူများ၏ဖွံ့ဖြိုးတိုးတက်မှု၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် အကောင်းဆုံးလုပ်ပေးနိုင်သည့် တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် လူငယ်များကို အားပေးမြှင့်တင်ရန်အတွက် အရေးကြီးပါကြောင်း၊ ထိုသို့အားပေးမြှင့်တင်နိုင်ရန် လူငယ်များ၊ သင်ယူလေ့လာသူများသည် ရသစာပေများမှ အဓိကရရှိမည်ဖြစ်ပါကြောင်း၊ ထို့အတွက် အပြုသဘောဆောင်သည့် အတွေးအမြင်များကို အားပေးသည့် ရသစာပေများသည်လည်း အင်မတန်အရေးကြီးပါကြောင်း။

### စာကြည့်တိုက်များသည် အခရာ

စာဖတ်ကြစို့ဟု ဆိုခြင်းသည် အရေးကြီးပါကြောင်း၊ အထူးသဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ရပ်ကွက်များထဲတွင်ရှိသည့် စာကြည့်တိုက်များကို အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စာဖတ်ခြင်းအလေ့အထဖြစ်အောင် စာကြည့်တိုက်များသည် အခရာဖြစ်ပါကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်များထူထောင်ပြီး စာကြည့်တိုက်များအပေါ် အားလုံးက၊ စာဖတ်သူများက ချစ်ခင်လာပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို အသုံးချ၍ ဖန်တီးဆောင်ရွက်နိုင်ရေး စာတတ်သူတိုင်း စာဖတ်ရေးအခမ်းအနားမှ အားပေးမြှင့်တင် ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြစ်ကြီးနားခရိုင်၊ ဘားအံခရိုင်၊ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာနများနှင့် ချောင်းဦးမြို့နယ်၊ ပုသိမ်ကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်များမှ ကိုယ်စားလှယ်များအား ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

### စာကြည့်တိုက်ဆုများ ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) လူထုအခြေပြုဗဟိုဌာနနှင့် မြောက်ဦးခရိုင် စမ်းချောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ် ပြည်သူ့စာကြည့်တိုက်များမှ ကိုယ်စားလှယ်များအား ဆန်းသစ်တီထွင် စာကြည့်တိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမြင်သစ်စာကြည့်တိုက်၊ ထွန်းတောက်ရောင်ခြည်စာကြည့်တိုက်၊ **စာမျက်နှာ ၁၁ သို့ »»**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



Ooredoo Myanmar ကုမ္ပဏီနှင့် Myanmar Book Aid and Preservation Foundation(MBAPF) တို့အကြား စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ထောက်ပံ့ကူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။




စာတတ်သူတိုင်း စာဖတ်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။
















## စာတတ်သူတိုင်းစာဖတ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

* ဒို့ပြည်တွင်းက လူသားတွေ
အများအားဖြင့် စာတတ်နေ
စာတတ်သူတိုင်း စာဖတ်မှ
ဗဟုသုတ ပြည့်စုံပ…။

* စာတတ်ပါက စာမဖတ်ရင်
ဗဟုသုတ မစုံလင်
လုပ်သမျှပင် အားတွေလျော့
နိုင်ငံစွမ်းအားကျပြီပေါ့။

* မကျလိုတော့ အတူယှဉ်
မြန်မာ့စွမ်းအားပြလိုလျှင်
စာတတ်သူပင် စာဖတ်မှ
ဗဟုသုတစုံလင်လှ…။

* ဗဟုသုတပြည့်စုံလျှင်
လုပ်ငန်းတိုင်းမှာ အမြဲအောင်မြင်
လုပ်အစဉ် အောင်မြင်ဖို့
စာတတ်သူတိုင်း စာဖတ်စို့…။

* စာတတ်သူတို့ စာဖတ်ပါ
နိုင်ငံတော်က လမ်းညွှန်လာ
စာတတ်သူတိုင်း စာဖတ်ရေး
အားလုံးပါဝင်ဆောင်ရွက်ပေး။
နိုင်ငံအနာဂတ်လှပရေး…။ ။

(စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုကို ဂုဏ်ပြုလျက်…)

သူဇာနွယ်(ဖျာပုံ)

# လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံအတွက် ရဲဝံ့စွန့်စားခဲ့

မောင်မောင်ကျော်



မြန်မာနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ ပထဝီအနေအထားအရ ဗဟိုအာရှဒေသနှင့် အရှေ့ဘက်ဒေသတို့ကို ဆက်စပ်ပေးသောနိုင်ငံဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ရှိသည်။ အရှေ့မှအနောက်သို့ ၅၇၅ မိုင်ကျယ်ပြီး မြောက်မှတောင်သို့ မိုင် ၁၃၀၀ ခန့် ရှည်လျားသည်။ မြစ်ကြီးလေးသွယ်မှာ မြောက်မှတောင်သို့ သွယ်တန်းစီးဆင်းလျက်ရှိသည်။ ပင်လယ်ပြင်နှင့်ထိစပ်နေသည့် ကမ်းရိုးတန်းအရှည် ၁၃၈၅ မိုင်ရှိပြီး ကုန်းတွင်းနယ်စပ်တစ်လျှောက်တွင် သဘာဝတံတိုင်းကြီးများသဖွယ် တောင်တန်းကြီးများ ကာဆီးထားသည်။

**အံ့မခန်းဖွယ် မှတ်တမ်း**

မြန်မာ့မြေတွင်နေထိုင်ကြသော တိုင်းရင်းသားတို့သည် နှစ်ပေါင်းထောင်ချီသည့် ရှေးဦးကာလကတည်းက အေးချမ်းစွာ အတူနေထိုင်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော် သုံးထောင်ခန့်က မြန်မာနိုင်ငံတွင် မြို့ပြနိုင်ငံများဖြင့် ခမ်းနားထည်ဝါစွာ ဖြစ်ထွန်းနေသည်။ ဤကဲ့သို့ နှစ်ပေါင်းထောင်ချီ၍ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အရှင်သခင်တို့နှင့် လွတ်လပ်စွာ တည်ရှိခဲ့သော မြန်မာနိုင်ငံတော်ကြီးသည် ၁၈၂၄ ခုနှစ် မတိုင်မီကာလများက တိုင်းတစ်ပါး၏ ကျူးကျော်နယ်ချဲ့ခြင်းကို ခဏတာမျှသာ ကြုံခဲ့ဖူးသည်။ ကြုံသည့်အခါတိုင်းလည်း ခဏတာသာဖြစ်ပြီး ကျူးကျော်သူတို့ကို ဇာတိသွေး၊ ဇာတိမာန်ဖြင့် အမြစ်ပါမကျန် တွန်းလှန်ဖယ်ရှားနိုင်ခဲ့သည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့်ရဲစွမ်းသတ္တိရှိမှုတို့ကား မြန်မာရာဇဝင်တွင် အံ့မခန်းဖွယ်ရာများအဖြစ် မှတ်တမ်းတင်ထားသည်။

သမိုင်းဂုဏ်ရောင်ထွန်းပြောင်ခဲ့သော မြန်မာနိုင်ငံတော်သည် ၁၈၂၄ ခုနှစ်မှ ၁၈၂၆ ခုနှစ်အတွင်း ပြိုပျက်ခဲ့ရသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ၁၈၂၄ ခုနှစ်တွင် စတင်ဖြစ်ပွားကာ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန္တပိုစာချုပ် ချုပ်ဆိုပြီး အညံ့ခံလိုက်ကြရသည်။ အင်္ဂလိပ်တို့အား စစ်လျော်ကြေးငွေ ကျပ်ဒင်္ဂါး တစ်ကုဋေနှင့် ရခိုင်နှင့် တနင်္သာရီဒေသများကို ပေးအပ်လိုက်ရသည်။ နှစ်နှစ်ကြာ အင်္ဂလိပ်-မြန်မာစစ်ပွဲသည် လက်နက်အင်အား၊ အတတ်ပညာအား ကွာခြားမှုကြောင့် စစ်ရှုံးရသည်ဟု ဆိုကြသည်။ ထိုအချိန်က မြန်မာဘုရင်ဘကြီးတော်က နယ်ချဲ့ဗြိတိသျှသည် ယဉ်ကျေးခေတ်မီသည့်နိုင်ငံဖြစ်သည့်အလျောက် နောင်တစ်ချိန်တွင် အသိတရားဝင်၍ သိမ်းပိုက်ထားသောဒေသများကို ပြန်လည်ပေးအပ်လိမ့်မည်ဟုယူဆကာ မြန်မာသံအဖွဲ့ကိုစေလွှတ်ပြီး ချစ်ကြည်ရေးကို ဆောင်ရွက်ခဲ့သည်။

**သင်ခန်းစာရယူ**

ထိုအချိန်တွင်ပင် နယ်ချဲ့အင်္ဂလိပ်တို့က ကဘော်ချိုင့်ဝှမ်းခေါ် သောင်သွတ်ဒေသကို သိမ်းပိုက်လိုက်ပြန်သည်။ မြန်မာဘုရင်နှင့် ပြည်သူတို့က မတရားမှုအပေါ် နာကြည်းမှု၊ ခံပြင်းမှုတို့ ပြင်းထန်စွာဖြစ်ပေါ်ခဲ့သော်လည်း အခြေအနေမလှသဖြင့် သံတမန်နည်းလမ်းကို အသုံးပြုရသည်။ မြန်မာသံအဖွဲ့သည် အင်္ဂလိပ်ဘုရင်ခံချုပ်ရှိရာ အိန္ဒိယနိုင်ငံသို့ ၁၈၃၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၁၈၃၃ ခုနှစ် ဇွန်လအထိ နှစ်နှစ်နှင့် ခြောက်လကြာအောင် ဂုဏ်သိက္ခာညှိုးငယ်စွာဖြင့် သည်းခံစောင့်ဆိုင်း တွေ့ဆုံခဲ့သော်လည်း မည်သည့်အကျိုးရလဒ်မျှ ရရှိခဲ့ခြင်းမရှိချေ။ နိုင်ငံတစ်နိုင်ငံနှင့်လူမျိုးတစ်မျိုးကို ကာကွယ်နိုင်သောအား၊ တိုင်းပြည်၏နေအင်အား၊ ခေတ်မီစက်မှုအတတ်ပညာအားများ ပြည့်စုံတောင့်တင်းခိုင်မာအောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အောက်ကျို့အညံ့ခံ လက်ဖြန့်တောင်းခံခြင်းဖြင့် မည်သည့်အခါမျှ ရနိုင်လိမ့်မည်မဟုတ်သည်ကို ဤသမိုင်းဖြစ်ရပ်မှ သင်ခန်းစာရရှိနိုင်သည်။

၁၈၅၂ ခုနှစ် ဒီဇင်ဘာလတွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ထပ်မံနယ်ချဲ့ကျူးကျော်ပြီး အောက်မြန်မာပြည် ပဲခူးတိုင်းဒေသကြီးအထိ သိမ်းပိုက်ပြန်သည်။ ထိုစဉ်က မြန်မာဘုရင် မင်းတုန်းမင်းသည်လည်း နှစ်နိုင်ငံချစ်ကြည်ရေး၊ မိတ်ဆွေနိုင်ငံအဖြစ် ဆက်ဆံရေးကို အထူးအလေးပေး၍ ၁၈၅၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ အင်္ဂလိပ်ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီထံ မြန်မာသံအဖွဲ့စေလွှတ်လိုက်ပြန်သည်။ သံအဖွဲ့က ပဲခူးနယ်ကို ပြန်လည်ပေးအပ်ရေးဆွေးနွေးစဉ် အင်္ဂလိပ်ဘုရင်ခံချုပ်က မြန်မာသံအဖွဲ့အား ဤကမ္ဘာပေါ်တွင် နေမင်း ထွန်းလင်းတောက်ပနေသမျှ ကာလပတ်လုံး ဗြိတိသျှတို့က မြန်မာပိုင်ပဲခူးနယ်ကို အုပ်ချုပ်ထားလိမ့်မည်ဖြစ်ကြောင်း ရင့်သီးမောက်မာစွာ ပြောကြားခဲ့သည်ကိုလည်း သင်ခန်းစာရယူနိုင်သည်။

**ပြစ်တင်ရှုတ်ချမှုမစိုးရွံ့**

အမှန်တကယ်တွင် အောက်မြန်မာပြည်၌ နယ်ချဲ့အင်္ဂလိပ်တို့ ခြေကုပ်ရရှိလိုက်ခြင်းသည် အထက်မြန်မာပြည်တွင် ထီးနန်းစိုက်သော ကုန်းဘောင်မင်းဆက်သက်တမ်းကုန်ဆုံးခြင်း အစဖြစ်သည်။ နယ်ချဲ့စနစ်သည် တင်းတိမ်ရောင့်ရဲခြင်း၏ အဆွေခင်ပွန်းမဟုတ်ချေ။ လောဘ၏ သားကောင်သာဖြစ်သည်။ ထို့ကြောင့် အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးလျှင် အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် တစောင်စောင် တပြင်ပြင်ရှိနေခဲ့သည်။ မြန်မာများနှင့် ပဋိပက္ခဖြစ်ရသည်ကို ပုံကြီးချဲ့ထွင်သည်။ သေးငယ်သော နယ်ခြားပြဿနာကို ကြီးကျယ်စေသည်။ မြန်မာပြည်ကို ခြေကုပ်မရခင်က မြန်မာမင်းရှေ့မှောက်တွင် အင်္ဂလိပ်သံတမန်တို့ ဖိနပ်ချွတ်၊ ဒူးတုပ်ခစားရန် ဝန်မလေးခဲ့၊ အောက်မြန်မာပြည်တွင် အင်္ဂလိပ်အလံလွှင့်ထူပြီးသောအခါတွင် မြန်မာသံတို့အပေါ်တွင် မောက်မာစွာဆက်ဆံပြီး မြန်မာဘုရင်ထံသို့ ဖိနပ်စီး၊ ဓားချိတ်ဝင်ရောက်ရန် တောင်းဆိုလာသည်။

သီပေါမင်းကို ပျော့ညံ့သောမင်းတစ်ပါးဟုဆိုခဲ့သော်လည်း မြန်မာ့နန်းတွင်းအရေးကိစ္စတွင် အင်္ဂလိပ်တို့ စွက်ဖက်သောအခါ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မိမိပြည်တွင်းရေးကို မိမိသဘောအတိုင်း ဖြေရှင်းဆောင်ရွက်ခွင့်ရှိကြောင်း၊ မြန်မာမင်းတို့၏ တာဝန်မှာ ပြည်ပနိုင်ငံတို့၏ ပြစ်တင်ရှုတ်ချမှုကို မစိုးရွံ့ဘဲ ဗုဒ္ဓသာသနာတော်နှင့် နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်ထိုက်သည်တို့ကို ဆောင်ရွက်သွားရန်ပင်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောကြားခဲ့သည်။

**မြေလှန်စနစ်တိုက်ပွဲများ**

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်နိုင်ရေးအတွက် ဝံပုလွေနှင့်သိုးငယ် ပုံပြင်ပမာ ကျင့်သုံးခဲ့သည်။ ဖိနပ်စီးခွင့်၊ ကုန်သွယ်ခွင့်၊ သံတမန်ဆက်ဆံရေးတို့ကို အကြောင်းပြု၍ ဝံပုလွေက သိုးငယ်ကို နည်းမျိုးစုံအကြောင်းအချက်ရှာသကဲ့သို့ အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် အကြောင်းရှာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ပထမစစ်ပွဲမတိုင်မီ ရှေးကာလကတည်းက ကုန်သွယ်ရေး၊ ဝင်ထွက်သွားလာရေးတို့အတွက် ညောင်ပင်ပမာ ကျင့်သုံးခဲ့ကြသည်။ ညောင်ပင်တို့သည် ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းနှင့် အဆောက်အအုံတို့တွင် တွယ်မိသည်နှင့် တစ်စတစ်စနှင့် အမြစ်တွယ်ပြီး မြိုပစ်လေ့ရှိသည်။ နောင်အရှည်ကြာသောအခါ နုတ်ပယ်ဖယ်ရှားနိုင်စွမ်းမရှိတော့သကဲ့သို့ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံတွင် ၁၉ ရာစုမတိုင်မီကတည်းက မြန်မာနိုင်ငံတွင် ခြေကုပ်ရခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော်ကာလတွင် မြန်မာတစ်ပြည်လုံးကို သိမ်းပိုက်နိုင်သည့်အထိ ဝါးမြိုသွားခဲ့သည်။

မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်တို့ကို အားမတန်၍ မာန်လျှော့ပြီး စစ်ပြေငြိမ်းရေး၊ သံတမန်ဆက်ဆံရေးတို့နှင့်သာ ဆောင်ရွက်ခဲ့သည်မဟုတ်ချေ။ ကျူးကျော်လာသူ အင်္ဂလိပ်နယ်ချဲ့တို့အား ဘုရင့်တပ်မတော်သာမက မျိုးချစ်တိုင်းရင်းသားများက ရဲစိတ်ရဲမာန်၊ ဇာတိသွေး၊ ဇာတိမာန်အပြည့် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့ အသက်သွေးချွေးများစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ရဲဝံ့ပြောင်မြောက်သော တိုက်ပွဲများ၊ သွေးချောင်းစီးတိုက်ပွဲများ၊ ပြောက်ကျားတိုက်ပွဲများ၊ မြေလှန်စနစ်တိုက်ပွဲများဒဏ်ကို နယ်ချဲ့အင်္ဂလိပ်တို့ အလူးအလဲခံခဲ့ကြရသည်။

မြန်မာတို့သည် စစ်ပြေငြိမ်းရေးစကားကို မတတ်သာမှ ဆိုခဲ့ကြသည်။ မြန်မာတို့ဘက်မှ အညံ့မခံ၊ အလျှော့မပေး၊ ရှိသမျှ စစ်သည်ရဲမက်၊ လူသူနှင့် ရှိသည့်လက်နက်အင်အားများကို စုစည်းကာ စစ်ပွဲများကို ရေရှည်ဆွဲ၍ တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ သတ္တိဗျတ္တိနှင့် စိတ်ဓာတ်တို့ကို အင်္ဂလိပ်ဘုရင်ခံချုပ် လော့ဒ်ဒါလ ဟိုဇီက "အာရှတိုက်တွင် ဘယ်လူမျိုးမှ ဇာတိသွေး၊ ဇာတိမာန်နှင့် လူမျိုး၏ဂုဏ်သိက္ခာတို့ကို မြန်မာလူမျိုးတို့လောက် ရှေ့တန်းတင်မထားကြကြောင်း၊ မည်သည့်လူမျိုးမှ မြန်မာလူမျိုးကဲ့သို့ ဇာတိသွေး၊ ဇာတိမာန်နှင့် လူမျိုး၏ ဂုဏ်သိက္ခာအတွက် လက်နက်စွဲကိုင်ကြမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဤလူမျိုးနှင့် ဆက်ဆံရာတွင် ဗြိတိသျှအစိုးရအနေဖြင့် အားထုတ်မှုကို အနည်းငယ်မျှ လျှော့၍မရကြောင်း၊ ဤလူမျိုးတို့ကို အရိပ်အငွေ့အနေနှင့်ပင် အခွင့်အရေး သာမသွားစေသင့်ကြောင်း" ၎င်း၏မှတ်တမ်းတွင် ဖော်ပြထားသည်။

**အပြိုင်အဆိုင်သိမ်းပိုက်**

မြန်မာတို့သည် တိုင်းပြည်နှင့် လူမျိုးအတွက် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာဖြင့် ကျူးကျော်သူနယ်ချဲ့သမားများကို ရဲဝံ့စွာတိုက်ခိုက်တော်လှန်ခဲ့ကြသည်ဆိုသော်လည်း အရင်းရှင်နယ်ချဲ့တို့၏ အကျိုးစီးပွားအတွက် ကြံစည်ကြိုးပမ်းအားထုတ်ခဲ့သော ၁၈၈၂ ခုနှစ်ဝန်းကျင်ခန့်တွင် အင်္ဂလန်နှင့် ပြင်သစ်တို့သည် အရှေ့တောင်အာရှ နယ်မြေဒေသရှိ လွတ်လပ်သောနိုင်ငံများကို မတရားသောနည်းလမ်းများဖြင့် အပြိုင်အဆိုင် သိမ်းပိုက်နိုင်ရန် ကြိုးပမ်းအားထုတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် ရဲစိတ်ရဲမာန်ရှိကြသော်လည်း မိမိတို့နိုင်ငံအခြေအနေနှင့် ကမ္ဘာ့အခြေအနေတို့ကို အလွန်နောက်ကျသော အချိန်ရောက်မှသာ သတိမူမိခဲ့ကြသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလမှစ၍ မြန်မာတို့သည် နယ်ချဲ့ဝါဒ၏ အကြံအစည်တို့ကို စတင်သတိမူမိခဲ့သော်လည်း နယ်ချဲ့အင်္ဂလိပ်တို့၏ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုနှင့် မြန်မာအချင်းချင်း မသင့်မမြတ်ဖြစ်မှု၊ လုပ်ကြံမှုတို့ကြောင့် တစ်မင်းပြောင်းမှ နောက်တစ်မင်းတို့က ပြုပြင်ပြောင်းလဲမှုတို့ကို ကြိုးစားအားထုတ်ရတော့သည်။ သို့သော် အချိန်လည်းနှောင်း၊ သိသိသာသာလည်း မပြောင်းလဲနိုင်ခဲ့တော့ချေ။ ထိုအချိန်တွင် ဥရောပတိုက်၌ စက်မှုအခြေခံသော ကုန်ထုတ်လုပ်မှုတော်လှန်ရေးများ ဖြစ်ပွားနေသည်။ ပဒေသရာဇ်စနစ်ဟောင်းကို တော်လှန်ကာ အရင်းရှင်ခေတ်ပြောင်းတော်လှန်ရေးများ ဖြစ်ပွားနေသည်။ အရင်းရှင်စနစ်များ ရှင်သန်ကြီးထွားလာကာ အင်္ဂလန်နှင့် ပြင်သစ်တို့ အရင်းရှင်နိုင်ငံအချင်းချင်း အားပြိုင်ကြရာမှ အာရှတိုက်နိုင်ငံများသို့ ခြေဆန့်လာခဲ့သည်။ ကုန်သွယ်ရေးနည်းလမ်းဖြင့် ပထမခြေဆန့်ပြီးမှ စစ်ရေးနည်းလမ်းဖြင့် ကျူးကျော်သိမ်းပိုက်ခြင်းကို ပြုလုပ်ကြသည်။

**ဇာတိမာန်စိတ်ဓာတ်**

အရင်းရှင်နယ်ချဲ့အင်္ဂလိပ်တို့သည် ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲခြင်းဖြင့် မြန်မာနိုင်ငံကို အပိုင်းသုံးပိုင်းခွဲကာ သိမ်းပိုက်ခဲ့ကြသည်မှာ အရင်းရှင်နယ်ချဲ့တို့၏ အကျိုးစီးပွားအတွက်ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ အကျိုးစီးပွားအတွက် အမျိုးမျိုးအဖုံဖုံ ဝင်ရောက်စွက်မှုများ၊ ဂုဏ်သိက္ခာမဲ့သော ပြောင်ပြောင်တင်းတင်း ကျူးကျော်တိုက်ခိုက်ခဲ့သည့် အကြောင်းအရင်းများနှင့် အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်ဖြင့် မြန်မာတို့၏ခုခံတိုက်ခိုက်မှုများသည် သမိုင်းသင်ခန်းစာယူဖွယ်ရာများပင်ဖြစ်သည်။

ဖြစ်ပွားခဲ့သော စစ်ပွဲများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် ၁၉ ရာစုကုန်ခါနီးကာလ ၁၈၈၁ ခုနှစ်နောက်ပိုင်းကာလများတွင် အရှေ့တောင်အာရှဒေသများ၌ အင်္ဂလိပ်နှင့် ပြင်သစ် နယ်ချဲ့သမားတို့ အပြိုင်အဆိုင်နယ်ချဲ့ကြရင်း မြန်မာနိုင်ငံသည် "ကျွန်ဝယ်ရာ အဆစ်ပါ" ဆိုသကဲ့သို့ ဖြစ်ခဲ့ရကြောင်း မြင်တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့သည် သူ့ကျွန်အဖြစ် နံ့နစ်မခံကိုယ့်နိုင်ငံကို အထိပါးမခံလိုသော မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်တို့ဖြင့် လွတ်လပ်သောမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင် မိမိနိုင်ငံ၏ ပိုက်နက်နယ်မြေကို ပြန်လည်ရရှိရေးအတွက် ရှုပ်ရှုပ်ချွံချွံ တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြသည်မှာ သမိုင်းဝင် သမိုင်းတင် အထင်အရှားဖြစ်ပါသတည်း။ ။

> ၁၈၈၂ ခုနှစ် ဝန်းကျင်ခန့်တွင် အင်္ဂလန်နှင့် ပြင်သစ်တို့သည် အရှေ့တောင်အာရှ နယ်မြေဒေသရှိ လွတ်လပ်သောနိုင်ငံများကို မတရားသောနည်းလမ်းများဖြင့် အပြိုင်အဆိုင်သိမ်းပိုက်နိုင်ရန် ကြိုးပမ်းအားထုတ်နိုင်ခဲ့၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် ရဲစိတ်ရဲမာန်ရှိကြသော်လည်း မိမိတို့နိုင်ငံအခြေအနေနှင့် ကမ္ဘာ့အခြေအနေတို့ကို အလွန်နောက်ကျသော အချိန်ရောက်မှသာ သတိမူမိခဲ့ကြ




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

# မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ်၏ ပထမတွဲ ထုတ်ဝေဖြန့်ချိ

## မောင်ရင်မောင်၊ ချဉ်ပေါင်ရွက်သည်၊ ချစ်ရိုးအမှုန်

**မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ်၏ ပထမတွဲကို စတင်ထုတ်ဝေလိုက်ပြီဖြစ်သည်။**

**စာစဉ်ကိုပြုစုရသည့် အဓိကရည်ရွယ်ချက်မှာ မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သည့် စာအုပ်စာပေများထဲမှ အထူးခြားဆုံး၊ အကောင်းဆုံးလက်ရာများကို ရွေးချယ်စုစည်းပေးခြင်းဖြင့် နောင်လာမည့် မျိုးဆက်သစ်မြန်မာများအနေဖြင့် မြန်မာစာကောင်းပေမွန်တို့ကို လွယ်လင့်တကူထိတွေ့ခွင့်ရကာ စာပေကပေးသော ရသနှင့် သုတများ ခံစားရရှိခြင်းနှင့်အတူ မြန်မာစာ မြန်မာမှုတို့အပေါ် နှစ်သက်မြတ်နိုးစိတ်များလည်း ၎င်းတို့၌ ကိန်းအောင်းဖြစ်ပေါ်စေလို၍ဖြစ်ကြောင်း၊ သည့်အပြင် ရှေးအစဉ်အဆက်ရှိနှင့်ခဲ့သော မြန်မာတို့၏ ဘဝအတွေ့အကြုံများ၊ အသိပညာဗဟုသုတများ၊ အပြုအမူ အကျင့်အကြံများနှင့် မြန်မာ့စိတ်နေစိတ်ထားများကို လေ့လာအကဲခတ်လိုသည့် နိုင်ငံတကာ သုတေသီများအတွက် အထောက်အကူပြုနိုင်ရန်လည်း ရည်ရွယ်ကြောင်း စာအုပ်ဥယျောဇဉ်တွင် ဖတ်ရှုရသည်။**

**(ယမန်နေ့မှအဆက်)**

မအေးခင်၏ “ ချစ်ရိုးအမှုန်” ဝတ္ထုအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

အထောင်မန်းကြာရွာက တောင်သူကြီးဦးရွှေမောင်၏သား မောင်သာလှိုင်၊ မြို့အုပ်မင်းဦးမောင်ကြီး၏သား မောင်ဘခက်နှင့် ဒေးဒရဲမြို့မှ ဂေါ်ရင်ဂျီကုန်သည်ကြီး ဦးကာလာ၏သား မောင်ဘခိုတို့သည် ရန်ကုန်မြို့ အစိုးရသိပ္ပံကျောင်းတွင် တက်ရောက်သင်ကြားနေကြသော ဘီအေအတန်းသားများဖြစ်ကြသည်။ သူတို့သုံးဦးသည် ကြီးပြင်းလာသောအခါ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုကဲ့သို့ သဘောထား၍ စောင်မကြည့်ရှုစတမ်းဟု




ကတိထားကြ၏။ မောင်သာလှိုင်သည် မောင်ဘခက်၏ နှမ မသိန်းဆင်နှင့် မေတ္တာသက်ဝင်နေ၏။ မောင်ဘခက်၏ မိခင်ထံခွင့်ပန်ပြီး မိမိ၏ မိဘနှစ်ပါးထံ တောင်းရမ်းပေးရန်ပင် အကြောင်းကြားပြီး ဖြစ်ကြ၏။

မောင်သာလှိုင်က မြို့အုပ်တန်းစာမေးပွဲအောင်ပြီးနောက် နယ်သို့မသွားမီ ရည်းစားဖြစ်သူ မသိန်းဆင်ကို စိတ်မချသောကြောင့် သူမရှိတုန်း စောင့်ရှောက်ရန် မောင်ဘခိုအား ပြောကြား၏။ မောင်ဘခိုက မသိန်းဆင်မှာ သူ့ကိုသာမေတ္တာထားသည်။ မောင်သာလှိုင်ကိုမူ မိခင်အလိုလိုက်ကာ ကြိုက်ဟန်ဆောင်ခြင်းသာဖြစ်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ကြီးပြင်းလာလျှင် စောင်မကြည့်ရှုစတမ်းဟူသော ကတိစကားအရ မသိန်းဆင်ကသာ မောင်သာလှိုင်ကို မေတ္တာသက်ဝင်ရိုးမှန်လျှင် သူဆက်လက်မကြံပါ။ အကယ်၍ မသိန်းဆင်က သူ့ကိုမေတ္တာမျှလျှင် မောင်သာလှိုင်ထံ စာရေးလိုက်မည်ဟု ပြောလေ၏။

မသိန်းဆင်သည် အမျိုးသမီးအဖော်များနှင့်အတူ ညနေတိုင်းတွင် ရွှေတိဂုံဘုရားဖူးတက်တတ်သည်။ ထိုအကြောင်းကို မောင်ဘခို သိသောကြောင့် မောင်ဘိုးရုံးနှင့် တိုင်ပင်ကာ မသိန်းဆင်အား ရထားတင်ခိုးရန် ဆောင်ရွက်ကြ၏။ ထိုအကြံကို မောင်သာလှိုင်၏ မိတ်ဆွေများဖြစ်သော ဆရာဦးသာညိုနှင့် မောင်ကြာခိုင်တို့ သိသောအခါ မသိန်းဆင်ကို ရထားတင်လျှင် မောင်ကြာခိုင်က ဝင်ကယ်ရန် စီမံကြ၏။ တစ်နေ့ညနေတွင် မသိန်းဆင်သည် အဖော်များနှင့် ရွှေတိဂုံဘုရားဖူးပြီး ဆင်းလာလေသော် မောင်ဘခို၊ မောင်ဘိုးရုံးတို့က ပွေ့ချီပြီး ရထားပေါ်တင်လေ၏။ မောင်သာလှိုင်၏မိတ်ဆွေ မောင်ကြာခိုင်သည် မသိန်းဆင်ကို တင်မည့်ရထားမောင်းသမားကို ဓားနှင့်ပြ၍ခြိမ်းခြောက်ကာ ရထားထဲ၌ ငြိမ်ငြိမ်နေစေ၏။ မောင်ကြာခိုင်က ရထားထဲဝင်ထိုင်လိုက်ပြီး စောင့်နေ၏။ မသိန်းဆင်ကို ရထားပေါ်သို့ တင်လိုက်သည့်အခါ မသိန်းဆင်ကို ကယ်တင်လိုက်ပြီး မိခင်မင်းကတော်ကြီး၏ လက်သို့ အပ်လိုက်၏။

မောင်ဘခိုလည်း ရာဇဝတ်ဘေးကြောက်ပြီး တကောင်းကြံညှပ်ဘက် ထွက်ပြေးတိမ်းရှောင်နေ၏။ မောင်သာလှိုင်သည် မသိန်းဆင် ရထားတင်ခံရသည့်ကိစ္စကို ထိထိရောက်ရောက် မစုံစမ်းဘဲ နားစွန်နားဖျားအကြားနှင့် မသိန်းဆင်အပေါ် အထင်လွဲနေ၏။ မသိန်းဆင်ထံသို့ စာပေးပို့သော်လည်း မသိန်းဆင်အပေါ် မောင်ဘခိုနှင့် မယုံသင်္ကာလေသံများ စာထဲ၌ပါနေသောကြောင့် မသိန်းဆင်က စိတ်ဆိုးကာ စာမပြန်ဘဲနေ၏။

မသိန်းဆင်၏ဖခင် မြို့ပိုင်ဦးမောင်ကြီးသည် ကျုံပျော်မြို့သို့ပြောင်းရ၏။ မောင်သာလှိုင် မိဘများနှင့် အနေနီးသွားသောကြောင့် မောင်သာလှိုင်၏မိခင် ဒေါ်ပုနှင့် မသိန်းဆင်တို့ ဆုံမိကြသည်။ မသိန်းဆင်က မောင်သာလှိုင်သည် ခိုင်လုံစွာမစုံစမ်းဘဲ သူ့အပေါ်မငဲ့မညှာ စာရေးသောကြောင့် စိတ်နာပြီး စာမပြန်ကြောင်းပြော၏။ ဒေါ်ပုက သူ့သားထံသွားပြီး အကျိုးအကြောင်းပြောမည်ဟု နှစ်သိမ့်ပြောဆို၏။

ရွှေဘိုသို့ရောက်နေသော မောင်သာလှိုင်သည် မန္တလေးမှ ပွဲစားကြီးဦးချို၏ စည်းရုံးမှုကြောင့် မန္တလေးခေတ္တရောက်နေစဉ်မောင်ဘခိုနှင့် တွေ့၏။ မောင်ဘခို၏ ကလိမ်ကညစ် စကားများကြောင့် မသိန်းဆင်အပေါ် မောင်သာလှိုင် ပို၍ စိတ်ပျက်သွားပြန်၏။ မောင်သာလှိုင်သည် ပွဲစားကြီးသမီး ခင်ခင်ညွှန့်နှင့် လက်ထပ်ယူမည်ဆုံးဖြတ်ပြီး မသိန်းဆင်ထံမှယူထားသော လက်စွပ်ကို မိခင်ဒေါ်ပုမှတစ်ဆင့် ပြန်ပေးလိုက်၏။

မောင်ဘခို၏ဖခင် ဘိုးကာလာသည် မောင်သာလှိုင်၏လမ်းညွှန်မှုကြောင့် သား မောင်ဘခိုကို ပြန်တွေ့လေ၏။ မောင်ဘခိုက ဖခင်ဘိုးကာလာကို မသိန်းဆင်အား တောင်းပေးရန်ပြော၏။ ဘိုးကာလာကလည်း တောင်းပေးမည်ဟု ဝန်ခံ၏။ မောင်ဘခက်သည် မောင်သာလှိုင်နှင့်တွေ့ဆုံသည့်အခါ မောင်သာလှိုင်သည် ခင်ခင်ညွှန့်ကို လက်ထပ်ယူမည့်အကြောင်း သိလေသည်။ မောင်ဘခက်သည် မိဘများရှိရာ ကျုံပျော်သို့ရောက်သော် မိမိသိခဲ့သော မောင်သာလှိုင်၏ အကြောင်းပြောပြ၏။ မသိန်းဆင်သည် ခင်ခင်ညွှန့်နှင့် မောင်သာလှိုင် လက်ထပ်မည်ကို သိရသောအခါ မောင်သာလှိုင်အပေါ် ပို၍ စိတ်နာသွားပြန်သည်။

မကြာမီ မသိန်းဆင်တို့အိမ်သို့ ဘိုးကာလာရောက်လာပြီး မသိန်းဆင်ကို သူ့သား မောင်ဘခိုနှင့် လက်ထပ်ပေးရန် စကားဆို၏။ မသိန်းဆင်က မိဘစကားလည်း ပယ်ရာမရောက်အောင်၊ မိမိ၏အချစ်နာလည်း ကုစားရာရောက်အောင် ခြောက်လခွာပြီးမှ စကားပြန်မည်ဟု ဘိုးကာလာကို အကြောင်းပြန်ကြားစေ၏။

နောင်တွင် မောင်သာလှိုင်သည် မသိန်းဆင်ကို မောင်ဘခို ရထားတင်စဉ်က ကာကွယ်ခဲ့သူ မောင်ကြာခိုင်နှင့်တွေ့ကာ မောင်ကြာခိုင် ရှင်းပြသဖြင့် အကြောင်းစုံသိလေလျှင် မိမိ၏အမှားကြီးအပေါ် များစွာနောင်တရလေ၏။ သို့ရာတွင် မသိန်းဆင်မှာလည်း မောင်ဘခိုနှင့်လက်ထပ်ရန် သေချာသလောက်ရှိနေချိန်ဖြစ်၍ မောင်သာလှိုင် မချိတင်ကဲ ခံစားရပြန်သည်။ မောင်သာလှိုင်သည် မန္တလေးသူ ခင်ခင်ညွှန့်ကိုလည်း နှစ်နှစ်ကာကာ မေတ္တာမရှိသောကြောင့် သူနှင့် အိမ်ထောင်ဖက်ပြုရန် မဖြစ်နိုင်ကြောင်းဆုံးဖြတ်ကာ ပွဲစားကြီးဦးချိုထံ စာရေး၍ ခင်ခင်ညွှန့်နှင့် လက်ထပ်မည့်ကိစ္စကို ဖျက်လိုက်သည်။ မောင်သာလှိုင်သည် စိတ်ပြေလက်ပျောက် ဘိလပ်သို့သွားပြီး ဝတ်လုံဘွဲ့ယူရန် ထွက်ခွာသွားလေ၏။

မောင်ဘခိုမှာ မသိန်းဆင်နှင့် လက်ထပ်ရတော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အပျော်အကြူးကြီးကြူးမိရာ တကောင်းကြံညှပ်တွင်နေစဉ်က ရလာသော ငှက်ဖျားပိုးက ဝင်ရောက်နှိပ်စက်ခံရသောကြောင့် ကွယ်လွန်သွား၏။ မောင်ဘခို ကွယ်လွန်ကြောင်း ကြားရလေလျှင် မသိန်းဆင်မှာ လွန်စွာဝမ်းမြောက်ပျော်ရွှင်သွားကာ ထ၍ပင်ကလေသည်။ မောင်သာလှိုင်သည် ဝတ်လုံဘွဲ့ယူပြီး မြန်မာနိုင်ငံသို့ပြန်လာကာ အစိုးရအမှုထမ်းဘဝ ဝင်ရောက်လုပ်ကိုင်ပြန်သည်။ ရွှေဘိုတွင် တာဝန်ထမ်းဆောင်ရ၏။ ရွှေဘိုသို့ရောက်ပြီး ခြောက်လခန့်အကြာ မိဘများရှိရာသို့ ခွင့်နှင့်ပြန်လာ၏။ မိဘများထံမှ ရွှေဘိုသို့ အပြန်တွင် ရန်ကုန်ဘူတာကြီးမှ ရထားစီးရသည်။ မသိန်းဆင်တို့ တူအရီးကလည်း အထက်အညာသို့ ဘုရားဖူးသွားကြလေရာ ရန်ကုန်ဘူတာကြီးမှပင် ရထားနှင့် အညာသို့ ခရီးသွားကြ၏။




မောင်သာလှိုင်နှင့် မသိန်းဆင်တို့သည် ရထားတစ်စီးတည်း အတူစီးကြသော်လည်း ရထားပေါ်၌မဆုံမိကြ။ စစ်ကိုင်းတွင် မသိန်းဆင်တို့ အလှူဒါနပြုကြပြီးသော် စခန်းတစ်ခုတွင် အေးအေးသာသာ အပန်းဖြေကြစဉ်မှ မောင်နှင့်မယ် မျက်နှာချင်းဆိုင်မိကြလေ၏။ ဝတ္ထုရေးသူ မအေးခင်သည် ဝတ္ထုကို “ဝန်းရံပတ်လည်၊ အင်ကြင်းရွှေဖီမှစ၍ တောစံပယ်တို့သည် သင်းသင်းပျံ့ပျံ့၊ ရနံ့ထုံလှိုင်လျက်၊ ပန်းချုံ ပန်းခိုင်အကြားတို့တွင် ခုန်သွားမြူးထူး၍ ပျော်ပါးစွာနေကြသော ကျေးငှက်အပေါင်းတို့တွင် တစ်ကောင်သောငှက်က အများထက်ထူး၍ သာယာကြည်အေးသော အသံဖြင့် အဖန်ဖန်ချစ်ချစ် ချစ်ရိုးအမှုန်ချစ်ချစ် ချစ်ရိုးအမှုန်ချစ်ချစ် ချစ်ရိုးအမှုန်ဟု မြည်တမ်းလိုက်ကြလေသတည်း” ဟူသော ဝါကျများဖြင့် မေတ္တာတံတား ခင်းထားသည်။

မအေးခင်၏ဝတ္ထုနိဂုံးချုပ် ဝါကျစုစည်းမှုကိုကြည့်လျှင် အံ့သြလောက်စရာကောင်းလှသည်။ ဝတ္ထုရေးဖွဲ့သည့် ၁၉၀၉ ခုနှစ်က ဝါကျများဖြစ်သော်လည်း အလွန်လှပသည်။ ဝတ္ထုကို လှလှပပဝါကျဖြင့် နိဂုံးချုပ်နိုင်ခြင်းသည် မအေးခင်၏ လေးစားဖွယ် ကလောင်ဂုဏ်ရည်ပင် ဖြစ်သည်။ ဤတွင်တစ်ခု သတိပြုမိသည်မှာ ဝတ္ထုကဲ့သို့သော ရသစာပေအဖွဲ့အနွဲ့မျိုးဖြစ်၍သာ ကလောင်ကို ဤမျှအထိ သွဲ့သွဲ့ပျောင်းပျောင်း ဖန်တီးနိုင်ခွင့်ရှိသည်ဟူသော အတွေးအမြင်ပင်ဖြစ်သည်။

ချစ်ရိုးအမှုန်ဝတ္ထုကို ဒေါက်တာဘဟန်က ၁၉၁၇ ခုနှစ် ဩဂုတ်လထုတ် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်အတွဲ (၇) အမှတ် (၂) စာ-၁၈၆ တွင် ဝေဖန်ဖူးသည်။ ဒဂုန်ရွှေပြည်စိုးကလည်း ၁၉၇၁ ခုနှစ် ဇန်နဝါရီလထုတ်၊ ရှုမဝရုပ်စုံမဂ္ဂဇင်း အတွဲ - ၂၄၊ အမှတ် ၂၈၄ တွင် ဝေဖန်ဖူးသည်။ ဒဂုန်ရွှေပြည်စိုး၏အဆိုအရ မအေးခင်ဝတ္ထုသည် ၈"× ၆" အရွယ် ဝတ္ထုစာအုပ် စာမျက်နှာ ၁၆၆ မျက်နှာရှိသည်ဟု သိရသည်။ ယခု ပုံနှိပ်ထုတ်ဝေသည့် စာအုပ်၌ စာမျက်နှာ ၁၆၀ သာရှိသောကြောင့် စာမျက်နှာ ၆ မျက်နှာ လိုသေးသည်။ အခြားမည်သည့် စာကြည့်တိုက်များတွင်မှ စုံစမ်း၍မရသောကြောင့် ချစ်ရိုးအမှုန်ဝတ္ထု မပျောက်ပျက်စေလိုသော စေတနာဆန္ဒအလျောက် ရရှိသည့်မူအတိုင်း ပုံနှိပ်လိုက်ရပါသည်။ ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ စာကြည့်တိုက်၌သာ ဤတစ်မူတည်း ရှားရှားပါးပါး ကျန်နေကြောင်း သိရပါသည်။

ယခုပုံနှိပ်သည့်မူတွင် မောင်သာလှိုင်နှင့် မသိန်းဆင်တို့ မီးရထားတစ်စီးတည်း စီးနင်း၍ ခရီးသွားနေကြခန်း၌ စာမျက်နှာ ၁၆၀ ကုန်သွားသည်။ ဖော်ပြထားသော မအေးခင်၏ ဝတ္ထုနိဂုံးချုပ် မေတ္တာပန်းတံတားဝါကျများ ဖတ်ရမည်မဟုတ်ချေ။ ဒဂုန်ရွှေပြည်စိုး၏ ဝေဖန်စာမှ ဤဝတ္ထုနိဂုံးဝါကျများ ရရှိခြင်းဖြစ်သည်။

ဒဂုန်ရွှေပြည်စိုး၏ ဖော်ပြချက်အရ မအေးခင်သည် မြောင်းမြမြို့သူဖြစ်သည်။ အဘ စက်ရှင်မင်းကြီး ဦးဘိုးပြေ၊ အမိဒေါ်မမတို့၏ သားသမီးငါးဦးအနက် ဒုတိယမြောက် သမီးဖြစ်သည်။ မအေးခင်တို့ ညီအစ်ကိုမောင်နှမငါးဦးအနက် အစ်ကိုအကြီးဆုံးသည် ရန်ကုန်မြို့အနောက်ပိုင်း ရာဇဝတ်တရားသူကြီး ဝတ်လုံတော်ရ ဦးစိန်ဒိုင်ဖြစ်ပြီး ပဉ္စမမြောက် မောင်အငယ်ဆုံးသည် တရားလွှတ်တော်တရားဝန်ကြီးလည်းဖြစ်၊ ရန်ကုန်တက္ကသိုလ် ဥပဒေပါမောက္ခလည်းဖြစ်ခဲ့သူ ဦးအောင်ခိုင်ဟု သိရသည်။

မအေးခင်ကို ၁၂၅၃ ခုနှစ် (ခရစ်နှစ် ၁၈၉၁ ခုနှစ်) တွင်မွေးဖွားသည်။ မအေးခင်ကို အင်္ဂလိပ်စာသင်ကျောင်းတွင်မထား။ မြောင်းမြမြို့ ဆရာဦးဘိုးမြ စာသင်ကျောင်းမှာပင်ထား၍ အတန်းအားဖြင့် စတုတ္ထတန်းကိုသာ အောင်မြင်သည်။ သို့ရာတွင် မြန်မာဗုဒ္ဓဘာသာမိဘများက သားသမီးများအား အိမ်မှာသင်ကြားပေးလေ့ရှိသော ရှေးခေတ်မြန်မာ့ပညာရေး သင်ရိုးများကိုမူ သင်ကြားရသည်။ ဤသင်ရိုးများမှာ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်တို့ကို အစပြုပြီး ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်တို့အထိ အိမ်၌ သင်ကြားပေါက်မြောက်ခဲ့သည်ဟု ဆိုသည်။

မအေးခင်သည် ချစ်ရိုးအမှုန်ဝတ္ထုဖွဲ့ရာတွင် စာဆို၏ အမြင်တို့ကို အကြောင်းအားလျော်စွာ ထည့်ရေးတတ်၏။ ဝတ္ထုသည် အချစ်ဝတ္ထုဖြစ်သောကြောင့် ချစ်ခြင်းမေတ္တာနှင့် အိမ်ရာထူထောင်မှုဘဝတို့ ပါဝင်နေ၏။ မအေးခင်၏ အိမ်ထောင်မှုဘဝအမြင်မှာ “ထိမ်းမြားလက်ထပ်ခြင်းမှာလည်း အမျိုးအရိုးကို မရွေးချယ်မူ၍ ကိုးကွယ်သောဘာသာတရားညီညွတ်ခြင်းကို သတိမပြု၊ လောက၌ စီးပွားဥစ္စာအလွန်ရှေးရှု၍ ခွင့်ပြုခြင်းသည် ပျက်စီးရာပျက်စီးကြောင်းဖြစ်တတ်သည်”

စာမျက်နှာ ၁၃ သို့ ❖

# (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြု

**နေပြည်တော် ဒီဇင်ဘာ ၂၀**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B) ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်သည့် မင်္ဂလာရှိသော အခမ်းအနားဖြစ်ပါကြောင်း၊ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ မိမိလူမျိုးအတွက် ဂုဏ်သိက္ခာ အဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သလို နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းဂုဏ်ကို ဖော်ဆောင်ခြင်းလည်းဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်ကူညီမှုများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အားကစားဆပ်ကော်မတီ ဥက္ကဋ္ဌများ၏ ဦးဆောင်အားပေးပံ့ပိုးမှုများ၊ အလှူရှင်များ အပြင် အခြားသောပေါင်းစည်းမှုခွန်အားများဖြင့် မြန်မာနိုင်ငံတက္ကသိုလ် အားကစားသမားများသည် အားကစားနည်း ၁၇ နည်းကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၂၄ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၂၉ ခု စုစုပေါင်း ဆုတံဆိပ် ၇၉ ခုရရှိခဲ့ပါကြောင်း၊ ယခုအခါ အဆင့် ၄ တွင် ရပ်တည်နိုင်သည်အထိ အောင်မြင်မှုရရှိရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ အားကစားမောင်မယ်များ အနေဖြင့် အားကစားစည်းမျဉ်းစည်းကမ်း ဥပဒေဘောင်အတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နှင့် တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊



ကြေးဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ အားကစားနှင့်ပညာရေး ပေါင်းစပ်မှုအနေဖြင့် B.Sc(Sport) ကို ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် သင်ကြားပေးနေသည့်အတွက် အားကစားဆိုင်ရာ ထူးချွန်လူငယ်များ ပေါ်ထွက်လာရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုပြိုင်ပွဲ အတွေ့အကြုံများကို အခြေခံ၍ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အားကစားသမား မောင်မယ်များအနေဖြင့် ယခုထက် ပိုမိုအောင်မြင်ရေး အတွက် ဆက်လက်ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဖွဲ့ လုံ့လ၊ ဝီရိယများ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှုများ၊ စည်းကမ်းလိုက်နာမှုများ၊ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များဖြင့် နောင်လာမည့် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ယခုထက် ပိုမိုအောင်မြင်နိုင်ရေး အလေးအနက်ထား ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း၊ (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်ကြသော ဝန်ကြီးဌာနများ၊ အားကစားအဖွဲ့ချုပ်များ၊ အလှူရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်၍ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းတို့က (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများနှင့် အုပ်ချုပ်၊နည်းပြများအား ဂုဏ်ပြုဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က ဆုတံဆိပ်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် အားကစားအဖွဲ့ချုပ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။

ဆက်လက်၍ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့သည့် အားကစားအဖွဲ့များအား ဂုဏ်ပြုဆုကြေးငွေများချီးမြှင့်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် အလှူရှင်များက ရွှေတံဆိပ်ဆုရှင်များအား ကျပ်သိန်း ၅၀၊ ငွေတံဆိပ်ဆုရှင်များအား ကျပ်သိန်း ၃၀၊ ကြေးတံဆိပ်ဆုရှင်များအား ကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ အားကစားအဖွဲ့ချုပ်များက ရွှေတံဆိပ်ဆုရှင်များအား ကျပ်သိန်း ၃၀၊ ငွေတံဆိပ်ဆုရှင်များအား ကျပ်သိန်း၂၀၊ ကြေးတံဆိပ်ဆုရှင်များအား ကျပ် ၁၀ သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက တက္ကသိုလ်များမှ စေတနာ့ဝန်ထမ်း လုပ်အားပေး (Liaison Officer)များ၊ အခမ်းအနားမှူးများနှင့် ဆုဗန်းကိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်သည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက နိုင်ငံတကာ အားကစားသမားများ သွားလာနေထိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသော ဟိုတယ်လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

အခမ်းအနားအပြီးတွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၁၂ မှ

"သမီးကို အိမ်ထောင်ပေးစားရာတွင် လူကိုမစုံမက်ဘဲလျက် ရွှေငွေကို စုံမက်ပါလျှင် သမီးကိုရောင်းစားသည့် လက္ခဏာနှင့်တူပါသည်" ဟု တွေ့ရပါသည်။

ဤအမြင်များကို ယနေ့မျက်မှောက်ခေတ်အမြင်များနှင့် နှိုင်းယှဉ်ကြည့်စေချင်သည်။ မအေးခင်၏ ပညာသင်ကြားရေးအမြင်ကို "ရှေးအခါကာလနှင့် ယခုမတူ။ မိန်းကလေးများမှာ မြန်မာစာ၊ ဗေဒင်များကိုတတ်ရုံနှင့် ပညာမစုံသေး။ ဉာဏ်ရှိသောသူများကတော့ အင်္ဂလိပ်ဘာသာကို လည်လည်ပတ်ပတ် ရေးတတ် ဖတ်တတ်မှ၊ ချက်ရေးပြုတ်ရေး အချုပ်အလုပ် အိမ်ထောင်ခမ်းနားကို ရွက်ဆောင်တတ်မှ သဘောကျကြသည်။

မြန်မာမင်းများ လက်ထက်ကကဲ့သို့ မင်းကတော်၊ စိုးကတော် အခေါ်ခံ၍ ချမ်းငြိမ်းစွာနေနိုင်သည့်ခေတ်မဟုတ်။ လင်သားနှင့်အတူ ဒိုးတူပေါင်ဖက် စီမံခန့်ခွဲနိုင်မှ သာ၍တော်သတဲ့ရှင့်။ သည်ထက်လွန်ကဲ၍ စောင်း၊ စန္ဒရား၊ တယော၊ ဘင်ဂျို၊ မိကျောင်းများ တီးတတ်၍ သီချင်းများ သီကုံးတတ်လျှင် သာ၍ ချီးမွမ်းခံရသေးသည်တဲ့ရှင့်" ဟု တွေ့ရပါသည်။

ဝတ္ထုရေးဖွဲ့သည့် ခေတ်ကာလသည် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်ရောက်နေသည့်ကာလဖြစ်သည်။ မြန်မာ့ပညာရေးစနစ်တို့ မှေးမှိန်စပြုပြီး ဗြိတိသျှပညာရေးစနစ် ထွန်းကားစပြုလာသည့်ကာလဖြစ်သည်။ မိန်းကလေးများလည်း အင်္ဂလိပ်စာသင်ကြားသင့်ကြောင်းဆိုသလို အင်္ဂလိပ်စာတတ်သူများသည် လောကနှင့် ဖီလာဖြစ်သွားတတ်သည့်သဘောကို မောင်သာလှိုင်၏ဖခင် ဦးရွှေအောင်က မောင်သာလှိုင်ကို ပြောသောစကားတွင် "သာလှိုင်၊ မင်းတို့ကာလသားမြေးဟာလေ၊ အင်္ဂလိပ်စာလေးတတ်ပြီဆိုမှဖြင့် လောကသုံးပါးကို ဘုရားလောက် မြင်မြော်နိုင်သည် အထင်ကြီးတာပဲ၊ ပညာတတ်တာ တခြား၊ လူရေးလူတာဆိုတဲ့အသိ အကြားအမြင်များရခြင်းမင်္ဂလာနှင့် တခြားစီပေ့"ဟု တွေ့မြင်ရသည်။

ဤအယူအဆများကိုကြည့်လျှင် ခေတ်မီသည်ထက်မက၊ ခေတ်ရှေ့ပြေးနေသည့် အမြင်များအဖြစ် အသိအမှတ်ပြုရပေမည်။

ဝတ္ထုတစ်ပုဒ်ရေးဖွဲ့ဖန်တီးသည့်အခါ ပညာပေးခြင်းများကို ရှောင်နိုင်သမျှ ရှောင်ရပေမည်။ ဆရာဇော်ဂျီ သုံးနှုန်းသကဲ့သို့ ပြောင်ကျကျ တရားဟောသည့် အဖွဲ့အနွဲ့များကို ဆိုလိုပေသည်။ ဤသဘောတရားကို မအေးခင် သိသည်။ သိသောကြောင့် ပြောင်ကျကျ တရားဟောပြီး ဗဟုသုတပေးသည့်အလုပ် မလုပ်ပါဟု ဤသို့ဆိုသည်။

"မြို့အုပ်မင်း ဦးမောင်ကြီးနှင့် ဦးရွှေအောင်တို့ပြောဆိုကြသော စကားများမှာ ပညာရှိသူများဖြစ်၍ အနှစ်သာရနှင့် ပြည့်စုံသော လောကီ၊ လောကုတ္တရာ၊ အကျိုးအထူးဖြစ်လောက်အောင် သာယာနာပျော်ဖွယ်ရာ ရှိသော်လည်း၊ ယခုရေးသားသော ပုံဝတ္ထုနှင့် များစွာမဆိုင်၊ ဖတ်ကြည့်သူတို့အပျင်းမပြေနိုင်အောင် ဇာတ်မျောသကဲ့သို့ဖြစ်မည်ကို စိုးရိမ်သောကြောင့် ခြွင်းချန်ပြီးလျှင် ဒေါ်ပုနှင့် မသိန်းဆင်တို့ စကားပြောဆိုကြသည်ကိုသာ ဖော်ပြလိုက်ပါသည်။"

ဦးမောင်ကြီးနှင့် ဦးရွှေအောင်တို့ ပြောစကားများကို ဖော်ပြနေလျှင် လောကီ၊ လောကုတ္တရာ ဗဟုသုတဖြစ်စေလောက်သော်လည်း ဇာတ်မျောမည်စိုး၍ မဖော်ပြပါဟု မအေးခင်က ရေးသည်။

ဝတ္ထု၌ ပြောင်ကျကျ တရားဟောမှုမျိုး မလုပ်သင့်ဆိုသော အယူအဆကို မအေးခင်က ရှေးဦးစွာပြောသူအဖြစ် တွေ့ရသည်။ ချစ်ရိုးအမှန်ဝတ္ထုတွင် ဇာတ်ဆောင်များစွာ ပါဝင်သော်လည်း စရိုက်အပီအပြင်ဆုံးသူမှာ ဦးကာလာဖြစ်သည်။ သူသည် ကုန်သည်ဖြစ်၏။ ထို့အပြင် သူ၏ဇနီး မမင်းဘော်၏ ပြောစကားအရ ဂေါ်ရင်ဂျီလည်းဖြစ်၏။ ထို့ကြောင့် ကပ်စေးနှဲသည်။ ကုန်သည်ဖြစ်သောကြောင့် ကုန်သည်တို့၏ စရိုက်ကို အကြိမ်ကြိမ်မြင်ရသည်။ ထစ်ခနဲဆို ငွေပေးမည် တကဲကဲလုပ်သည်။ သို့သော် ပေးသည့်ငွေမှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်လောက်သည့် ငွေပမာဏမျိုးမဟုတ်၊ ကပ်စေးနှဲသူတို့ သဘာဝအတိုင်း မဖြစ်စလောက်ငွေနှင့် ကမ်းလှမ်းတတ်သည်။ ထိုငွေပမာဏသည် ကမ်းလှမ်းခံရသူ တစ်ဖက်သားအပေါ် စော်ကားရာပင်ကျသွားသည်။

ဦးကာလာက သူ့သား မောင်ဘခိုအတွက် မသိန်းဆင်ကို တောင်းရမ်းရမည်ဆိုသောအခါ မြို့အုပ်သမီး တောင်းရမည်ဆိုလျှင် ငွေငါးဆယ်၊ ခြောက်ဆယ်၊ တစ်ရာလောက်နှင့် ငြိမ်းပါမလားဟုမေးသည်။ သူ့ဇနီး မမင်းဘော်က သားတစ်ယောက်အတွက် ငွေတစ်သောင်းလောက် အကုန်ခံပေ့ါဟု ပြောသည်။ ဦးကာလာက "ငွေများများ မကုန်ဘဲနှင့် သည်မိန်းမရလျှင် ပြီးရောမဟုတ်လား" ဆိုသောစကားကို ပြောသူဖြစ်သည်။

ဒဂုန်ရွှေပြည်စိုးက "ချစ်ရိုးအမှန်ဝတ္ထုမှာ မြန်မာအမျိုးသမီးစာရေးသူတစ်ဦး၏ ရှေးအကျဆုံး ပင်ကိုရေးဝတ္ထုပင်ဖြစ်သည်။ စာအရေးအသား ဇာတ်အိမ်ဇာတ်ကွက်ဖွဲ့ပုံ၊ ဇာတ်ဆောင်များ သရုပ်ဖော်ပုံ၊ ရသစုံစုံထည့်သွင်းပါဝင်စေပုံ၊ ရသထွတ်ထိပ်ရောက် ခံစားမှုထိပ္ပံပုံ စသည့် ဝတ္ထုတစ်ခုတွင် ပါဝင်သင့်သမျှ အင်္ဂါရပ်များ အတန်ပင်ပြည့်ပြည့်စုံစုံ ပါဝင်အောင်ရေးသားနိုင်သည်ကို တွေ့ရသည်" ဟု သုံးသပ်သည်။

ကာလပေါ်ဝတ္ထုခေတ်ဦး ဝတ္ထုတစ်ပုဒ်ဖြစ်၍ ကာလအလျောက် ခေတ်မီသည်ဟု ဆိုနိုင်သည်။ ဝတ္ထုဇာတ်လမ်းဆင်ပုံတို့ သဘာဝအတိုင်း မသိန်းဆင်ကို မောင်သာလှိုင်၏ လက်ဝယ်သို့ နဂိုရည်မပျက်မယွင်းစေဘဲ အပ်နိုင်အောင် ကြိုးစားထားသည်။ သို့ရာတွင် မောင်သာလှိုင်က ခင်ခင်ညွှန့်ကို သစ်စိမ်းချိုးချိုးသလို ရုတ်တရက်ဖြတ်လိုက်ခြင်းမှာ ခင်ခင်ညွှန့်အပေါ် မစာနာရာရောက်စေသည်။ ဤတစ်ချက်မှလွဲ၍ ဝတ္ထုအင်္ဂါနှင့် ပြည့်စုံသော ရင်ဝယ်ငြိစေသည့် အလွမ်းဝတ္ထုတစ်ပုဒ်ဖြစ်သည်။

ဒဂုန်ရွှေပြည်စိုး၏ ဖော်ပြချက်အရ ချစ်ရိုးအမှန်ဝတ္ထုပြီးဆုံးသော် နောက်စာမျက်နှာ၌ ချစ်ရိုးအမှန်ဝတ္ထုပုံမနှိပ်မီ ပြဇာတ်ကခဲ့ကြောင်း ဖော်ပြထားသည်ဟုဆိုသည်။ နောက်စာမျက်နှာ၌ "၁၉၀၈ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်တွင် မြောင်းမြမြို့ မြန်မာအရာရှိများနှင့် လူကြီးများက ဧည့်ခံ၍ မေဂျာအော်မစ်စတင်နှင့် သခင်မတို့၊ ဗိလပ်မြို့သို့ ထွက်သွားခါနီးတွင် မြန်မာမိန်းကလေးများသည် မြန်မာပြည်အတွင်း သဘင်သည်တို့ ယခုအခါ ကပြသည့် နည်းလမ်းအတိုင်း မဟုတ်ဘဲ၊ အနောက်တိုင်းသားများတို့ ကပြကြသော နည်းလမ်းအရ သဘင်ဖွဲ့၍ ကပြနိုင်သည့်အတိုင်း ကပြခြင်းကိုလည်း ကြည့်မြင်ရသူ အင်္ဂလိပ်သခင်၊ သခင်မများနှင့် လူကြီးတို့က သဘောကျကြသဖြင့် ယခုရေးထုတ်ခဲ့သော ချစ်ရိုးအမှန်ဆိုသော စာအုပ်ထဲမှ ဇာတ်ကိုယူပြီး မိန်းကလေးများစု၍ ရေးသားပြုပြင်ကပြသော ဇာတ်ကို ဆက်လက်ပုံရိုက်နှိပ်မည်ဖြစ်ပါကြောင်း" ဟု ဖော်ပြထားသည်။

ဤအရေးအသားအရ ချစ်ရိုးအမှန်ကို ဝတ္ထုအဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုမီ မြန်မာမိန်းကလေးများ စင်ပေါ်၌ ကပြခဲ့သည့် သဘောတွေ့ရသည်။ ကပြခဲ့သော မိန်းကလေးများ စာရင်းကိုလည်း မည်သည့်ဇာတ်ဆောင်နေရာ၌ မည်သူပါဝင်ထားသည်ဟူ၍ ဖော်ပြထားသည်။ မအေးခင်ကိုယ်တိုင် ဆရာမောင်သာညို၏နေရာ၌ ပါဝင်ကပြထားကြောင်း တွေ့ရသည်။ "မြန်မာမိန်းကလေးများသည် မြန်မာပြည်တွင် သဘင်သည်တို့ ယခုအခါ ကပြသည့် နည်းလမ်းအတိုင်းမဟုတ်ဘဲ အနောက်တိုင်းသားများတို့ ကပြကြသော နည်းလမ်းအရ" ဆိုသော အရေးအသားကို သတိပြုကြည့်ပါ။ အနောက်တိုင်းသားဟု သုံးထားသောကြောင့် ဥရောပပြဇာတ်နည်းအတိုင်း ကပြသည်ဟု အဓိပ္ပာယ်ကောက်ယူရပေမည်။

မြန်မာပြဇာတ်စာပေသမိုင်းကိုပြောလျှင် ဥရောပပြဇာတ် ပုံသဏ္ဌာန်ဖြင့် အစောဆုံး ပေါ်ထွက်လာသည့် ပြဇာတ်မှာ သခင်ဘသောင်း၏ "ဆရာဝန်ပါပဲ" ပြဇာတ်ဟူ၍ မှတ်တမ်းတင်ကြသည်။ "ဆရာဝန်ပါပဲ" ပြဇာတ်သည် ၁၉၂၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သောကြောင့် ဥရောပဟန်ပြဇာတ်များ မြန်မာနိုင်ငံ၌ ၁၉၂၈ ခုနှစ်တွင် ထွက်ပေါ်ခဲ့သည်ဟု မြန်မာစာပေသမိုင်း၌ မှတ်တမ်းတင်သည်။ မအေးခင်၏ ချစ်ရိုးအမှန်ဝတ္ထုသည် ဥရောပဟန်ဖြင့် ပြဇာတ်ကခဲ့သောကြောင့် မြန်မာပြဇာတ်စာပေသမိုင်းကို ပြန်လည်ဆန်းစစ်ရမည့်သဘောဖြစ်နေသည်။

မအေးခင်၏ ချစ်ရိုးအမှန်ဝတ္ထုသည် ရှေးဦးမြန်မာကာလပေါ်ဝတ္ထုဖြစ်သော မောင်ရင်မောင် မမယ်မ ဝတ္ထုဖွဲ့စည်းပုံ၊ ဇာတ်လမ်းတည်ဆောက်ပုံအောက်သို့ မကျို့ပေ။ ရင်ပေါင်တန်းနိုင်သည်။ ထိုဝတ္ထုကို အနောက်တိုင်းဟန်ဖြင့် ပြဇာတ်အဖြစ်လည်း ကပြခဲ့သည်ဆိုခြင်းကြောင့် ဝတ္ထုရေးဆရာမ မအေးခင်၏ ပညာအရည်အသွေးသည် သာမန်ဟုမယူဆနိုင်။ ဝတ္ထုထဲ၌ရေးသားထားသော မအေးခင်၏ ပညာရေးသဘောတရား အမြင်များတွင် မိန်းကလေးများ အင်္ဂလိပ်စာတတ်သင့်ကြောင်း ဆွေးနွေးထားသည်ကို ထောက်ရှု၍ မအေးခင်ကို အင်္ဂလိပ်စာသင်ကျောင်း၌ မထားဆိုသည်ကို သံသယဝင်မိသည်။ သူ၏ အစ်ကိုနှင့် မောင်တို့သည် အင်္ဂလိပ်စာတတ် ဥပဒေပညာရှင်များဖြစ်၍ မအေးခင်ကို ကူညီနိုင်သည်ဟု ဆိုသော်မှ ဤသို့ ဝတ္ထုတစ်ပုဒ်လုံးရေးရန်၊ ဥရောပပြဇာတ်ဟန်ဖြင့် ဇာတ်ထဲ၌ ပါဝင်ကပြရန်တို့အထိ အသေးစိတ်ကူညီရန် အချိန်ပေးနိုင်မည်ဟု မယူဆချင်ပေ။ ထို့ကြောင့် မအေးခင်သည် ခေတ်အလျောက် အင်္ဂလိပ်စာတတ်ကျွမ်းသူအဖြစ် အသိအမှတ်ပြုချင်ပေသည်။

သို့ရာတွင် မအေးခင်၏အတ္ထုပ္ပတ္တိကို ဒဂုန်ရွှေပြည်စိုး ဆောင်းပါးရေးစဉ်က မအေးခင်သည် အသက် ၇၉ နှစ်အရွယ်ထိ ညီမငယ်နှစ်ဦးနှင့်ပင် အပျိုကြီးအဖြစ် မြောင်းမြမြို့ ၆ လမ်း၊ အမှတ် ၁၀ တွင် ကျန်းမာစွာ နေထိုင်လျက်ရှိကြောင်း တိတိကျကျ ရေးထားသောကြောင့် ဒဂုန်ရွှေပြည်စိုး၏ မှတ်တမ်းတင်ချက်ကိုလည်း အလေးဂရုပြုရပေမည်။ ထို့ကြောင့် မအေးခင်ကို အင်္ဂလိပ်စာသင်ကျောင်း၌ မထားသော်လည်း အိမ်၌သင်ကြားပေးမည်လားဟု သာသာထိုးထိုး တွေးကြည့်မိသည်။

ခေတ်ဦးမြန်မာကာလပေါ်ဝတ္ထု ၃ အုပ်သည် ၂၀ ရာစု ခေတ်ဦး၌ မြန်မာစာပေသမိုင်းအတွက် အရသာကောင်းများဖြင့် လက်ဆောင်ပေးခဲ့သည်ဟု ဆိုချင်ပါသည်ဟု ဦးအေးချို (မဟာဝိဇ္ဇာ) က သုံးသပ်ရေးသားထားသည်။

# ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် သမ္မတထရန့် ဆုံးဖြတ်

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**
ဆီးရီးယားနိုင်ငံတွင် တပ်ဖြန့်ထားသော အမေရိကန်တပ်ဖွဲ့များအား ပြန်လည်ရုပ်သိမ်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်တပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများအား ကောင်းမွန်စွာ ချေမှုန်းနိုင်ခဲ့ပြီဖြစ်သည့်အတွက် ဆီးရီးယားနိုင်ငံမှ တပ်ဆုတ်ခွာခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာ ဆန်းဒါးစ်က ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားတပ်ဖွဲ့အား လေ့ကျင့်သင်ကြားပေးလျက်ရှိသော အမေရိကန်တပ်ဖွဲ့ ၂၀၀၀ ခန့်ကို ပြန်လည်တပ်ဆုတ်ရန် အမေရိကန်အစိုးရအဖွဲ့က အစောပိုင်းက အစီအစဉ်တစ်ရပ် ရေးဆွဲထားသည်ဟု အမေရိကန်ဒေသန္တရမီဒီယာများက အစိုးရအဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းဖော်ပြခဲ့ကြသည်။

ဆီးရီးယားနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် အိုင်အက်စ်စစ်သွေးကြွများအား သုတ်သင်ဖယ်ရှားမှု စစ်ဆင်ရေးသည် အပြီးတိုင်ပြီးဆုံးမှုမရှိသေးပါကြောင်းနှင့် စစ်သွေးကြွအဖွဲ့အား ချေမှုန်းရာတွင် အမေရိကန်အနေဖြင့်လည်း မဟာမိတ်နိုင်ငံများနှင့် ပူးပေါင်းပါဝင်ဆင်နွှဲမည်ဖြစ်ပါကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

ဆီးရီးယားနိုင်ငံအတွင်း တပ်ဖြန့်ထားသော အမေရိကန်တပ်ဖွဲ့များ တပ်ပြန်ဆုတ်ရန် သမ္မတ ဒေါ်နယ်ထရန့်က အမိန့်ချမှတ်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြားသောအဖွဲ့များက ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်သေးသည့်အတွက် စိုးရိမ်ပူပန်မှုများဖြစ်ရပါကြောင်းနှင့် အီရန်နှင့် ရုရှားနိုင်ငံတို့၏ ဆီးရီးယားနိုင်ငံအပေါ် လွှမ်းမိုးမှုပိုမိုရှိသွားမည်ကိုလည်း စိုးရိမ်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်တပ်စွဲထားရန် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် သမ္မတထရန့်၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ရီပတ်ပလစ်ကန်ပါတီဝင်များသာမက ဒီမိုကရက်ပါတီဝင်များကပါ စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။ **အေအက်ဖ်ပီ**





# စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်လုံး အိန္ဒိယလွှတ်တင်

**နယူးဒေလီ ဒီဇင်ဘာ ၂၀**
အိန္ဒိယနိုင်ငံသည် စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို ဒီဇင်ဘာ ၁၉ ရက်က လွှတ်တင်ခဲ့ကြောင်း၊ ယင်းဂြိုဟ်တုလွှတ်တင်မှုမှာ နိုင်ငံ၏ လေကြောင်းကာကွယ်ရေးစနစ်အား အဆင့်မြှင့်တင်ရန် ဦးတည်ကြိုးပမ်းသည့် ဆောင်ရွက်မှုဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အဆိုပါဂြိုဟ်တုကို အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်ရှိ ဆရီဟာရီကိုတာအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဒုံးယာဉ်တစ်စင်းဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

မြေပြင်ရှိ ရေဒါစခန်းများနှင့် ယင်းဂြိုဟ်တုတို့ ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှုပြုလုပ်မည်ဟု ဒေသတွင်း သတင်းများ၌ ဖော်ပြသည်။

ယခုနှစ်အောက်တိုဘာလအတွင်းက အက်စ်-၄၀၀ အမျိုးအစား မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို ရုရှားနိုင်ငံမှ ဝယ်ယူရန် အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ သဘောတူညီခဲ့ကြသည်။ အိန္ဒိယနိုင်ငံမှ ယခုလွှတ်တင်ခဲ့သော စစ်ဘက်ဆိုင်ရာ ဂြိုဟ်တုအား လေကြောင်းကာကွယ်ရေးစနစ်တွင် ဒုံးကျည်များ၊ ဂျက်တိုက်လေယာဉ်များနှင့်အတူ အသုံးပြုဖွယ်ရာရှိသည်။ မိမိတို့အဖွဲ့အစည်းအနေဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယအာကာသဆိုင်ရာသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)ဥက္ကဋ္ဌ ကေဆီဗင်က ပြောကြားသည်။

အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်နိုင်ငံဘက်ခြမ်းမှ တောင်ကုန်းတောင်တန်းထူထပ်သည့်ဒေသတွင် တရုတ်နိုင်ငံဘက်မှ လမ်းများဖောက်လုပ်ရန် ကြိုးပမ်းစဉ်တွင် တရုတ်နှင့် အိန္ဒိယတပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းဖြစ်ရပ်နှင့် ဆက်နွှယ်သည့်လှုပ်ရှားမှုအဖြစ် တရုတ်စစ်ဘက်က အိန္ဒိယသမုဒ္ဒရာအတွင်းသို့ စစ်ရေယာဉ်များ စေလွှတ်ခဲ့သည်။

တရုတ်နှင့် ပါကစ္စတန်တို့၏ လှုပ်ရှားလုပ်ဆောင်မှုများကို တုံ့ပြန်ရန် အိန္ဒိယနိုင်ငံက ၎င်း၏လေကြောင်းကာကွယ်ရေးစနစ်များကို လုပ်ဆောင်နေကြောင်း လေ့လာသူများက ပြောကြားကြသည်။
**အင်န်အိတ်ချ်ကေ**

# အီသီယိုးပီးယားအနောက်ပိုင်းဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲ၊ လူရှစ်ဦးသေဆုံး

**အာဒစ်အဘာဘာ ဒီဇင်ဘာ ၂၀**
အီသီယိုးပီးယားနိုင်ငံအနောက်ပိုင်းရှိ ဘီနီရှန်ဂူလ် ဂူမက်ဇ်ပြည်နယ်တွင် မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့မှုကြောင့် အရပ်သားရှစ်ဦးသေဆုံးခဲ့ရကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ခရီးသည် ၁၁ ဦး တင်ဆောင်မောင်းနှင်လာသည့် ဘတ်စ်ကားငယ်သည် ကားလမ်းပေါ်တွင် မြှုပ်နှံထားသည့် မြေမြှုပ်မိုင်းပေါ် ဖြတ်သန်းမောင်းနှင်ခဲ့စဉ် ပြင်းထန်သည့် ပေါက်ကွဲမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ အီသီယိုးပီးယား ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ယင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိသူ သုံးဦးရှိပြီး သေဆုံးသူ အရေအတွက် တိုးမြင့်လာဖွယ်ရှိကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရရှိသူများအား လတ်တလောတွင် အနီးအနားရှိ ကျန်းမာရေးဌာနများတွင် လက်ခံကုသပေးထားသည်။ ယင်းမြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ လတ်တလောတွင် မည်သည့် အဖွဲ့အစည်းကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အီသီယိုးပီးယား လုံခြုံရေးတပ်ဖွဲ့များက ရှေးဦးစုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေပြီး ယင်းမြေမြှုပ်မိုင်းပေါက်ကွဲမှု နောက်ကွယ်၌ ရှိနေသည့် အဓိကလက်သည်များကို ဖော်ထုတ်နေသည်ဟု ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူက ပြောကြားသည်။ **ဆင်ဟွာ**





## ဆည်မြောင်းစီမံခန့်ခွဲမှုဆိုင်ရာ လွှဲပြောင်းပေးအပ်ခြင်း လက်မှတ်ရေးထိုးပွဲ ပြည်မြို့နယ်တွင် ကျင်းပ

**ပြည် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြောက်နဝင်းရေလှောင်တမံ လက်ဝဲလက်တံမြောင်း အမှတ်(၃) ရေအသုံးချသူများအသင်းတို့အကြား ဆည်မြောင်းစီမံခန့်ခွဲမှုဆိုင်ရာ လွှဲပြောင်းပေးအပ်ခြင်းသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မြောက်နဝင်းရေလှောင်တမံ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၂) ညွှန်ကြားရေးမှူး ဦးကျော်သူက အဖွင့်အမှာစကားပြောကြားသည်။ တည်ဆောက်ရေး(၂)လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပူးပေါင်းစီမံခန့်ခွဲခြင်းနှင့် ဆည်မြောင်းစီမံခန့်ခွဲမှု လွှဲပြောင်းပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး (အနောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင့်က စိုက်ပျိုးရေးဆိုင်ရာ တိုးတက်လာမည့် အခြေအနေအား ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဆည်မြောင်းမူဝါဒဆိုင်ရာအကြံပေး မစ္စတာဟီရိုမိချိ ကီတားဒါးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ မြောက်နဝင်းရေလှောင်တမံ လက်ဝဲလက်တံမြောင်း အမှတ်(၃) (CL-3) လက်တံမြောင်းအား လွှဲပြောင်းရယူခြင်းကြောင့် ကျေးရွာအုပ်စုနှစ်ခုရှိ ကျေးရွာခွဲ ရှစ်ရွာမှ ဒေသခံတောင်သူ ၄၀၄ ဦး ပါဝင်သည့် ရေအသုံးပြုသူ အသင်းဝင်များအနေဖြင့် ဆည်မြောင်းအဆောက်အအုံများကို အသုံးပြုတတ်လာပြီး ဆည်ရေများ အလေအလွင့်နည်းပါးလာကာ စနစ်တကျစီမံခန့်ခွဲမှုများကြောင့် စိုက်ဧက ၁၄၄၈ ဧကအား အချိုးကျအညီအမျှ ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူက ပြောသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

## ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ၏ လတ်တလောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးတိုးတက်မှုအလားအလာများနှင့် မူဝါဒရေးရာအကြံပြုချက်များကို စုစည်းတင်ပြထားသည့် ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာထုတ်ပြန်မှုကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ပြုလုပ်သည်။

ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာမည်ဆိုပါက မြန်မာနိုင်ငံ၏ ကာလလတ် စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းချက်မှာ အကောင်းဘက်တွင်ဆက်လက်တည်ရှိနိုင်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားချက်အရ သိရသည်။

မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာကို ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံ၏ နောက်ဆုံးရ စီးပွားရေးဆိုင်ရာအချက်အလက်များကို အခြေခံကာ တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ဝေဖြန့်ချိကြောင်း သိရသည်။

**ကိုထက်**




ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ မြန်မာကရာတေးအသင်းအား ဆုများနှင့်အတူတွေ့ရစဉ်။ [(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ကရာတေးအားကစားနည်းပြိုင်ပွဲ၌ နိုင်ငံပေါင်းခုနစ်နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ့လက်ရွေးစင် ကရာတေးအသင်းအနေဖြင့် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်ငါးခုဖြင့် ပြိုင်ပွဲဝင်နိုင်ငံများအနက် ပထမနေရာရရှိခဲ့ကြောင်း သိရသည်။] **အေကေလင်း**

## မုဒုံမြို့နယ်တွင် ကိုယ်အင်္ဂါမသန်စွမ်းသူများအား အထောက်အကူပြုပစ္စည်းများပေးအပ်

**မော်လမြိုင် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မုဒုံမြို့နယ်အသင်းခွဲရုံးခန်း၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲ ကျင်းပသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အလှူရှင်များနှင့်အတူ ကိုယ်အင်္ဂါမသန်စွမ်းသူများကို အထောက်အကူပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ မုဒုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသီတာမော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မုဒုံမြို့နယ်အသင်းခွဲဥက္ကဋ္ဌ ဦးဝင်းချို့နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ တက်ရောက်ကြသည်။

**ကိုထွန်း(မော်လမြိုင်)**

## ကျောက်ကြီးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအားအခမဲ့ကုသပေး

**ကျောက်ကြီး ဒီဇင်ဘာ ၂၀**

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦး ခေါင်းဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ ကျောက်ကြီးမြို့ နတ်သံကွင်းတိုက်နယ်ဆေးရုံတွင် မျက်စိဝေဒနာရှင်များကို အခမဲ့ စမ်းသပ်ကုသပေးခဲ့ရာ မျက်စိဝေဒနာရှင်ပေါင်း ၂၁၅ ဦးကို ကုသပေးနိုင်ခဲ့သည်။ အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၉ ဦးနှင့် မျက်သားတက်ဝေဒနာရှင် ၃၂ ဦးတို့အား ပဲခူးမြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၀ ရက်ထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

Gems & Jewellery Entrepreneurs Association Yangon

ဒုတိယအကြိမ်ရန်ကုန်အပြည်ပြည်ဆိုင်ရာ

ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာအရောင်းပြပွဲ - ၂၀၁၉

2nd Yangon International Gems & Jewellery Fair - 2019

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)သည်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ဦးဆောင်လမ်းညွှန်မှု၊မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ကူညီပံ့ပိုးမှုတို့ဖြင့်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ **2nd Yangon International Gems & Jewellery Fair - 2019** ပြပွဲကိုရန်ကုန်မြို့၊ပြည်လမ်းရှိ Lotte Hotel တွင် ၂၀၁၉ခုနှစ်၊ဇန်နဝါရီလ(၉)ရက်နေ့မှ(၁၃)ရက်နေ့အထိပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီများ၊အရောင်းဆိုင်များမှအရောင်းဆိုင်ခန်းများဖွင့်လှစ်၍ပြည်တွင်း/ပြည်ပကျောက်မျက်ရတနာကုန်သည်များအားဖိတ်ကြားရောင်းချမည်ဖြစ်ပြီး**ကျောက်မျက်လေလံစနစ်**ဖြင့်လည်းရောင်းချမည်ဖြစ်ပါသည်။

အထူးအစီအစဉ်အနေဖြင့်နေ့စဉ်ကံစမ်းမဲများကိုမဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ကြောင်းနှင့်လာရောက်ပြသရောင်းချသည့်အရောင်းဆိုင်များမှလည်းမိမိတို့အစီအစဉ်ဖြင့်အရောင်းမြှင့်တင်ခြင်း၊လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်ခြင်းများပြုလုပ်မည်ဖြစ်ပါသည်။ပြည်တွင်း/ပြည်ပမှကျောက်မျက်ပညာရှင်များမှလည်း Myanmar Gems Forum 2019 ခေါင်းစဉ်ဖြင့်ကျောက်မျက်ပညာရပ်ဆိုင်ရာ **Work Shop များ၊Seminar** များပြုလုပ်ကြမည်ဖြစ်၍ပြည်တွင်း/ပြည်ပမှကျောက်မျက်ရတနာမြတ်နိုးသူများ၊ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့်ကျောက်မျက်ရတနာလုပ်ငန်းကိုစိတ်ပါဝင်စားသူများအနေဖြင့် **2nd Yangon International Gems & Jewellery Fair - 2019** ကျောက်မျက်ရတနာပြပွဲတွင်ခင်းကျင်းပြသရောင်းချမည့် မြန်မာနိုင်ငံမှထွက်ရှိသောသဘာဝသယံဇာတကျောက်မျက်ရတနာများနှင့်နိုင်ငံတကာအဆင့်မီလက်ဝတ်ရတနာအရောင်းထည်များကိုကြွရောက်ဝယ်ယူနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

**ပြပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ**

**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)**

Sponsor By,

ကြေးမုံ
ဒီဇင်ဘာ ၂၁၊ ၂၀၁၈

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူမောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဥပဒေသတင်းရနံ့ သင်းပျံ့ကြိုင်လှိုင်ပါစေ



■ မောင်စာဂ

ဥပဒေဟူသည် နိုင်ငံတစ်နိုင်ငံ လူမှုအဖွဲ့အစည်းတစ်ခုတွင် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်။ ဥပဒေဖြင့် စီမံခန့်ခွဲအုပ်ချုပ်ရသည်။ ဥပဒေဖြင့် တရားစီရင်မှုများ ပြုကြရသည်။ ဤသို့ဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊တရားစီရင်ရေးမဏ္ဍိုင်ဟူ၍ မဏ္ဍိုင်ကြီး (၃) ရပ်သည် နိုင်ငံတိုင်းတွင် ခိုင်ခိုင်မာမာရှိကြသည်။

အုပ်ချုပ်ရေးအဖွဲ့များက ဥပဒေနှင့်အညီ စီမံခန့်ခွဲအုပ်ချုပ်နိုင်ရေး၊ တရားစီရင်ရေးအဖွဲ့များက ဥပဒေနှင့်အညီ တရားစီရင်မှုများပြုလုပ်နိုင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်က လိုအပ်သောဥပဒေများ ပြဋ္ဌာန်းပေးရသည်။ ပြင်ဆင်သင့်သောဥပဒေများ ပြင်ဆင်ပေးရသည်။ မဏ္ဍိုင်ကြီး (၃)ရပ်လုံးသည် ဥပဒေနှင့် ကင်းကွာ၍ မရပါ။ ဥပဒေသည် မဏ္ဍိုင်ကြီး (၃) ရပ်လုံး၏ အဓိကပင်မသော့ချက်ဖြစ်သည်ဟု ဆိုနိုင်သည်။

ဥပဒေသတင်းရနံ့သင်းပျံ့နေလျှင် ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်းသည် တရားဥပဒေစိုးမိုးရေး လွှမ်းခြုံထားနိုင်သည်။ ငြိမ်းချမ်းသာယာ၍ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသည့် နိုင်ငံတစ်ခု၊ လူ့ဘောင် အဖွဲ့အစည်းတစ်ခု ဖြစ်နေမည်။ ဤတွင် ဥပဒေသတင်းရနံ့ သင်းပျံ့ကြိုင်လှိုင်စေရေး စောကြောမိသည်။ တွေးထင်မိသမျှ မျှဝေပါရစေ။

## ဥပဒေ၏ပင်ကိုသဘော

ဥပဒေ၏ပင်ကိုသဘောတွင် ဥပဒေ၏အနှစ်နှင့် ဥပဒေ၏အကာတို့ ဒွန်တွဲနေတတ်သည်။ ဥပဒေ၏အနှစ်သည် လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းဟူသည့် အချက်(၃)ချက်နှင့် ပြည့်စုံခြင်းဖြစ်သည်။ ဥပဒေ၏အကာသည် လွတ်လပ်စွာတွေးကြံနိုင်မှု၊ ဖွင့်ဟဖော်ပြနိုင်မှု၊ ယုံကြည်နိုင်မှု၊ ကိုးကွယ်နိုင်မှု၊ သွားလာဝတ်ပြုနိုင်မှု၊ ပရိယေသနရှာမှီးနိုင်မှု၊ စည်းရုံးနိုင်မှု၊ ပြုမူဆောင်ရွက်နိုင်မှုတို့ရှိခြင်း၊ လူမှုဆက်ဆံရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် တရားမျှတမှုရှိခြင်း၊ အဆင့်အတန်း၊ အခွင့်အလမ်း၊ တရားဥပဒေအရာတို့တွင် ညီမျှမှုရှိခြင်း စသည့်အချက်များနှင့် ပြည့်စုံခြင်းဖြစ်သည်။ ဤသည်တို့မှာ လောကပါလတရားပင်ဖြစ်သည်။

## ဥပဒေ၏ ဦးတည်ချက်

ဥပဒေ၏ ဦးတည်ချက်သဘောတွင် ပြည်သူတွေ လုံလုံခြုံခြုံနှင့် အေးချမ်းသာယာပျော်ရွှင်ဖွယ်ရာ နေထိုင်သွားလာ၍ ပရိယေသနဝမ်းစာရှာမှီးနေထိုင်ရေး တစ်နည်းအားဖြင့် သာယာဝပြောသော လူ့ဘောင်လောကဖြစ်တည်ရေးပင်ဖြစ်သည်။ ပြည်သူတွေကိုဖိနှိပ်ဖို့၊ ပြည်သူတွေ ဝန်ထုပ်ဝန်ပိုးဖြစ်စေဖို့ ဦးတည်ခြင်းမရှိပါ။ ဥပဒေတစ်ခုပြဋ္ဌာန်းပေးခြင်းသည် ပြည်သူတွေအတွက်သာ ဖြစ်စေရပါမည်။ လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားကို အခြေခံဦးတည်ထားသည့် ဥပဒေပြဋ္ဌာန်းခြင်းမျိုး ဖြစ်ရန်လိုအပ်ပါသည်။

တစ်ခါတစ်ရံတွင် ဥပဒေတစ်ခုပြဋ္ဌာန်းသည့်အခါ သို့မဟုတ် ဥပဒေတစ်ခုပြင်ဆင်သည့်အခါ ပြည်သူတွေကို အကျိုးမပြုသော၊ ပြည်သူတွေကိုဖိနှိပ်ရာရောက်သော၊ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပြဋ္ဌာန်းချက်မျိုးဖြစ်နေလျှင် ပြည်သူများ၏မကျေနပ်သံ၊ ပြည်သူများ၏ ကန့်ကွက်သံများ ပေါ်ထွက်လာတတ်ကြသည်။ ဤသည်မှာ နိုင်ငံတိုင်းတွင် ရံဖန်ရံခါ တွေ့ကြုံရတတ်သည့် ဖြစ်ရပ်မျိုးဖြစ်သည်။ ဤသို့ဆိုလျှင် ဥပဒေတစ်ခုပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်သည့်အခါ ပြည်သူတို့၏အသံကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်ကြရန် လိုအပ်လျက်ရှိသည်။

ဥပဒေတစ်ခုသည် ပြဋ္ဌာန်းလိုက်သည့်အချိန်ကတည်းက လောကပါလတရားကိုအခြေမခံသော၊ ပြည်သူတို့၏အသံကိုမျက်ကွယ်ပြုသော ဥပဒေမျိုးဖြစ်နေလျှင် မူလကပင် ပြည်သူတွေအတွက် သင်းပျံ့ကြိုင်လှိုင်စေမည့် ရနံ့မရှိသည့် ဥပဒေမျိုး၊ ပြည်သူတွေမလိုလားသော၊ ပြည်သူတွေမလိုက်နာနိုင်သော ဥပဒေမျိုးဖြစ်နေတတ်သည်။

## ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ဥပဒေတစ်ခုပြဋ္ဌာန်းပြီးလျှင် ယင်းဥပဒေကို ကျင့်သုံးရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ဥပဒေကိုမလိုက်နာဖောက်ဖျက်ကျူးလွန်သူများအား တရားစီရင်အဖွဲ့များက တရားစီရင်မှုများပြုကြရသည်။ ထိုသို့အုပ်ချုပ်ရေးအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ တရားစီရင်ရေးအဖွဲ့အစည်းများက တရားစီရင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ပြဋ္ဌာန်းဥပဒေများနှင့်အညီသာ လိုက်နာဆောင်ရွက်ကြရသည်။

> ❝ ဥပဒေသည် ပြည်သူ့အတွက်ဖြစ်ပါစေ၊ ပြည်သူသည် ဥပဒေအတွက် အသုံးချခံမဖြစ်ပါစေနှင့်၊ ပြည်သူတွေ ဥပဒေကို နားလည်စေချင်သည်ဆိုလျှင် ပြည်သူတွေ နားလည်ရလွယ်ကူသည့် ဥပဒေ . . . ❞

တစ်ခါတစ်ရံတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းအချို့၏ ဆောင်ရွက်ဆုံးဖြတ်ချက်တွေ၊ တရားစီရင်ရေးအဖွဲ့အချို့၏ စီရင်ဆုံးဖြတ်ချက်တွေအပေါ် ပြည်သူများ၏ မကျေနပ်သံ၊ ကန့်ကွက်သံတွေ ပေါ်ထွက်လာတတ်သည်။ ဤတွင် ဥပဒေကိုအကောင်အထည်ဖော် ဆောင်ရွက်ပိုင်ခွင့်ရှိသူတွေကို ဥပဒေနှင့်အညီမဟုတ်ဘဲ ဆောင်ရွက်၊ ဆုံးဖြတ်၊ စီရင်ကြသည့်အခါမျိုးတွင် ဥပဒေသည် မည်သို့ပင် သင်းပျံ့ကြိုင်လှိုင်သည့်ရနံ့ ပေါင်းစုံနှင့် ပြည့်စုံနေစေကာမူ ထိုဥပဒေ၏သတင်းရနံ့သည်ကာ သင်းပျံ့ကြိုင်လှိုင်စွမ်း မရှိနိုင်တော့ချေ။ ပြည်သူတို့၏ နှလုံးစိတ်ဝမ်း မငြိမ်းချမ်းနိုင်တော့ပေ။

## အတွေး၊ အမြင်၊ အသိ၊ စိတ်ထား

ဥပဒေသဘောတွင် ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိ၊ ဥပဒေစိတ်ထားဟူ၍ရှိသည်။ အစွန်းတရားနှစ်ပါးကိုရှောင်၍ ယထာဘူတကျကျ မဖျို့မပင့်ပဒါနည်းကျကျ တွေးသောအတွေးသည် ဥပဒေအတွေးဖြစ်သည်။ ကိုယ်ချင်းစာတရားရှေ့ထား၍ စာနာထောက်ထားခြင်းဖြင့် မြင်သောအမြင်သည် ဥပဒေအမြင်ဖြစ်သည်။ လွတ်လပ်ခြင်း၊ မျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားကို သေသေချာချာ သိနားလည်သောအသိသည် ဥပဒေအသိဖြစ်သည်။ ရိုးသားဖြောင့်မတ်၍ ရဲရင့်တည်ကြည်ပြီး ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်စွာဖြင့် တရားမျှတမှုကို အစဉ်အမြဲ အလိုရှိသော စိတ်ထားသည် ဥပဒေစိတ်ထားဖြစ်သည်။

ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိ၊ ဥပဒေစိတ်ထားများဖြင့် ဥပဒေကို အကောင်အထည်ဖော် စီရင်ဆုံးဖြတ် စီမံခန့်ခွဲမှုများ ပြုလုပ်ကြမည်ဆိုလျှင် ဥပဒေ၏သတင်းရနံ့သည် အစဉ်အမြဲ သင်းပျံ့ကြိုင်လှိုင်နေမည်သာ။

## နား၊ မျက်စိ၊ ခြေ၊ လက်

ဥပဒေသဘောတွင် ဥပဒေနား၊ ဥပဒေမျက်စိ၊ ဥပဒေခြေ၊ ဥပဒေလက်ဟူ၍ရှိသည်။ ဥပဒေနား ဟူသည် ကြားရုံသက်သက်ကိုနားမထောင်တတ်၊ အမှားအမှန်၊ အဆိုးအကောင်း၊ အကြောင်းအကျိုးကို ခွဲခြားစွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။ ဥပဒေမျက်စိဟူသည် ချစ်သူမုန်းသူ၊ နီးသူဝေးသူ၊ ဆင်းရဲချမ်းသာ၊ ရာထူးကြီးငယ် မခွဲမခြား တစ်သားတည်းကြည့်တတ်သည်။ ဥပဒေခြေဟူသည် မည်သည့်အခါ၊ မည်သည့်အချိန်တွင်မဆို တည့်တည့်မတ်မတ်နှင့် နည်းမှန်၊ လမ်းမှန်လျှောက်လှမ်းတတ်သည်။ ဥပဒေလက်ဟူသည် သန့်ရှင်းသည်။ အားနည်းသူကိုဖေးကူသည်၊ လဲနေသူကို ထူပေးသည်၊ ကြေကွဲမျက်ရည်ကိုသုတ်ပေးသည်။ တရားမျှတခြင်းကို အစဉ်သဖြင့် ဆောင်ကြဉ်းပေးသည်။ ဥပဒေနှင့်အညီ တရားမျှတမှုကို ပြန်လည်ပေးတတ်သည်။ တရားမျှတမှုကို လိုချင်သောသူ၏ လက်သည်လည်း သန့်ရှင်းရသည်။

ဥပဒေနား၊ ဥပဒေမျက်စိ၊ ဥပဒေခြေ၊ ဥပဒေလက်တို့ဖြင့် ဥပဒေကို အကောင်အထည်ဖော် စီရင်ဆုံးဖြတ်၊ စီမံခန့်ခွဲမှုများပြုလုပ်ကြမည်ဆိုလျှင် ဥပဒေ၏သတင်းရနံ့သည် အစဉ်အမြဲသင်းပျံ့ကြိုင်လှိုင်နေမည်သာ။

## ချိန်ခွင်၊ ဆင်ခြင်တုံတရား၊ သတ္တိ

ဥပဒေသဘောတွင် ဥပဒေချိန်ခွင်၊ ဥပဒေဆင်ခြင်တုံတရား၊ ဥပဒေသတ္တိဟူ၍ရှိသည်။ ဥပဒေချိန်ခွင်ဟူသည် ပစ္စည်းတစ်မျိုးမျိုးကိုတင်ကာ ချိန်တွယ်ရသည့် အရောင်းအဝယ်ကိစ္စတွင် အသုံးပြုသော ချိန်ခွင်မျိုးမဟုတ်။ ဥပဒေမျက်စိဖြင့်ကြည့်၍ တစ်ဖက်တွင် ဥပဒေကိုတင်ကာ တစ်ဖက်တွင် စီရင်ဆုံးဖြတ်ချက်ကိုတင်လျက် တည့်မတ်မှန်ကန်စွာချိန်တွယ်ရသော ချိန်ခွင်မျိုးဖြစ်သည်။ ဥပဒေဆင်ခြင်တုံတရားဟူသည် မိမိအလိုရှိရာသို့ ရောက်အောင် ဆွဲယူကောက်ချက်ချသည့် ဆင်ခြင်တုံတရားမျိုးမဟုတ်ပါ။ ဥပဒေနှင့်အညီ အစွန်းတရား၊ အစွဲတရားတို့မှကင်းလျက် ပေါ်ထွက်လာသည့် ဆင်ခြင်တုံတရားဖြစ်သည်။ မိမိ၏အလိုဆန္ဒနောက်သို့ ဥပဒေကို ဆွဲခေါ်၍ ဆင်ခြင်ခြင်းမျိုးမပြုရပါ။ ဥပဒေသည် မျှော့ကြိုးမဟုတ်ပါ။ ဥပဒေအလိုကျအတိုင်း ဆင်ခြင်ခြင်းဖြစ်သည်။ ဥပဒေသတ္တိဟူသည် မည်သို့သောအခြေအနေ အချိန်အခါမျိုးတွေနှင့် ကြုံလာစေကာမူ မည်သည့်မျက်နှာကိုမျှမထောက်၊ မကြည့်ဘဲ ဥပဒေ၏မျက်နှာ တစ်ခုတည်းကိုသာ ကြည့်ရသည့်သတ္တိမျိုးဖြစ်သည်။

ဥပဒေချိန်ခွင်၊ ဥပဒေဆင်ခြင်တုံတရား၊ ဥပဒေသတ္တိမျိုးဖြင့် ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက် စီရင်ဆုံးဖြတ်၊ စီမံခန့်ခွဲကြလျှင် ဥပဒေ၏သတင်းရနံ့သည် အစဉ်အမြဲသင်းပျံ့ကြိုင်လှိုင်နေမည်သာ။

## ပြည်သူ့ကြားကစကားသံ

ဥပဒေသည် ပြည်သူ့အတွက်ဖြစ်ပါစေ၊ ပြည်သူသည် ဥပဒေအတွက်အသုံးချခံမဖြစ်ပါစေနှင့်၊ ပြည်သူတွေ ဥပဒေကို နားလည်စေချင်သည်ဆိုလျှင် ပြည်သူတွေ နားလည်ရလွယ်ကူသည့်ဥပဒေများ ပြဋ္ဌာန်းပေးပါ။ ဘယ်သောအခါမျှ ဥပဒေကြောင့် ပြည်သူတွေ မျက်ရည်မကျရပါစေနှင့်၊ ပြည်သူတွေ မျက်ရည်မကျရအောင် ဥပဒေဖြင့် ကာကွယ်ပေးပါ။ ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရဆိုသကဲ့သို့ ဥပဒေ၏နောက်ကွယ်တွင်လည်း မည်သူမျှ မရှိစေလိုပါ။ ပြည်သူများက ဥပဒေကို လိုက်နာကြဖို့လို အပ်သကဲ့သို့ ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်နေသူတို့က ဥပဒေကို ပိုမိုပြီးလိုက်နာကြပါ။ ပြည်သူတစ်ဦးတစ်ယောက်အတွက် ဥပဒေနှင့်မညီ၊ တရားမမျှတသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရလျှင် ပြည်သူများအားလုံးအတွက်ပါ နစ်နာဆုံးရှုံးမှုဖြစ်စေပါသည်။

ဤသည်တို့မှာ ပြည်သူ့ကြားကစကားသံများအနက် အချို့ကို ဖော်ပြခြင်းဖြစ်သည်။ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်း၊ စီမံခန့်ခွဲခြင်းပြုကြရာတွင် ပြည်သူတို့၏စကားသံများကိုလည်း သတိမူကြရန် လိုအပ်မည်သာ။

## စိတ်ကောင်းစေတနာထားကြပါ

လူတိုင်းလူတိုင်း ကိုယ်ချင်းစာတရားနှင့် အများအကျိုးလိုလားသည့် စိတ်ကောင်းစေတနာ ထားကြရပါမည်။ ရင်ထဲကဥပဒေတွေ မလှမပဖြစ်နေသရွေ့ လှပသောဥပဒေတွေ ထွက်ပေါ်မလာနိုင်ပါ။ ရင်ထဲက ဥပဒေတွေ လှပနေပါမှ လှပသောဥပဒေတွေ ပေါ်ထွက်လာနိုင်မည်။ ထို့ပြင် ဥပဒေတွေက မည်သို့ပင်လှပနေပါစေ၊ ရင်ထဲကဥပဒေတွေ မလှမပဖြစ်နေသရွေ့တော့ လှပသည့်ဆုံးဖြတ်ချက်၊ စီရင်ချက်တွေ ထွက်ပေါ်မလာနိုင်ပါ။ လှပသောဥပဒေတွေပေါ်ပေါက်နေပါမှ၊ လှပသောဆုံးဖြတ်ချက်၊ စီရင်ချက်တွေ ချမှတ်ပေးနိုင်ပါမှ ဥပဒေသတင်းရနံ့ သင်းပျံ့ကြိုင်လှိုင်နေမည်။

ဥပဒေသတင်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နိုင်ခြင်းမရှိ၊ မကောင်းသောအနံ့တွေ၊ ဆိုးရွားသောအနံ့တွေ ထွက်ပေါ်နေပါက ထိုနိုင်ငံ၊ လူ့ဘောင်အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးရေးမရှိ၊ အကျင့်သီလတွေ ပျက်ပြားနေတတ်သည်။ အဓမ္မတရားတွေ လွှမ်းခြုံနေတတ်သည်။ ငြိမ်းချမ်းလုံခြုံမှုမရှိ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းကွာဝေးနေပေလိမ့်မည်။

ဥပဒေသတင်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေမည်ဆိုလျှင်ကား ထိုနိုင်ငံ၊ ထိုလူ့ဘောင်အဖွဲ့အစည်းသည် ဧကန်မုချ တရားဥပဒေစိုးမိုးမှုရှိနေမည်။ ပြည်သူတွေ အကျင့်သီလ လုံခြုံနေကြမည်။ ဓမ္မတရားတွေ လွှမ်းခြုံနေမည်။ ငြိမ်းချမ်းလုံခြုံမှုရှိမည်။ ဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်ပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော နိုင်ငံတစ်ခု၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်နေမည်။

ဥပဒေသတင်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေခြင်းဖြင့် တရားဥပဒေစိုးမိုးသည့်နိုင်ငံ၊ ငြိမ်းချမ်း သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်စေရေးအတွက် မဏ္ဍိုင်အသီးသီးမှ တာဝန်ရှိသူများ အားလုံးက ပြည်သူနှင့်အတူ ပြည်သူတို့၏ စုပေါင်းအင်အားဖြင့် အစဉ်အလေးထား ဆောင်ရွက် ကြပါစို့ဟု ရင်မှစကားဆိုလိုက်ပါရစေ။

**ရင်ထဲကဥပဒေတွေလှပနေပါစေ၊**
**ပွင့်သောပန်းတိုင်း မွှေးပျံ့ကြိုင်လှိုင်ပါစေ၊**
**ဥပဒေရနံ့တိုင်းလည်း သင်းပျံ့ကြိုင်လှိုင်ပါစေ။**

# Mr Ali Bham ၏ ကိုယ်စားလှယ်လွှဲစာရရှိထားသည်ဟု အဆိုရှိသူ ဦးမြင့်ဦး [၁၃/တခလ(နိုင်)၀၁၉၀၉၅] နှင့် ဦးခင်ထွေး(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၈၁၅)၊ ဒေါ်ခင်စန္ဒာဝင်း (အထက်တန်းရှေ့နေ၊ စဉ်-၄၆၈၄၃)တို့၏(၉-၁၂-၂၀၁၈) နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာ-၂၃ ကြော်ငြာပါ အများသိစေရန် သတိပေးခြင်းကြေညာခြင်း ကြော်ငြာအပေါ် "ပြန်လည်ရှင်းလင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၅၂၀/၅၂၃ တွင် ယခင်ရုံးခန်း ဖွင့်လှစ်ပြီး၊ ယခု ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၅၈) (မြေညီထပ်)တွင် ရုံးခန်းဖွင့်လှစ်ထားသည့် Mohammed Ismail Ariff Co.,Ltd ၏ (၁၀-၁၂-၂၀၁၈) နေ့စွဲပါ ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်အရလည်းကောင်း၊ ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးကာစင်စူရတီ [၁၂/ဗဟန(နိုင်)၀၀၀၁၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရလည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဦးခင်ထွေး၊ အထက်တန်းရှေ့နေ ဒေါ်ခင်စန္ဒာဝင်းတို့နှင့်တကွ Mr Ali Bham ၏ ကိုယ်စားလှယ်လွှဲစာရရှိသူဟု အဆိုရှိသူ ဦးမြင့်ဦးတို့ သိရှိစေရန်အတွက် ပြန်လည်ရှင်းလင်းကြေညာ၍ အများသိစေအပ်ပါသည်။

ဦးမြင့်ဦး [၁၃/တခလ(နိုင်)၀၁၉၀၉၅] (Mr Ali Bham ၏ ကိုယ်စားလှယ်လွှဲစာရရှိသူ)၏ လွှဲအပ်ညွှန်ကြားချက်အရဟူ၍ဖော်ပြကာ ဦးခင်ထွေး (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၈၁၅)၊ ဒေါ်ခင်စန္ဒာဝင်း (အထက်တန်းရှေ့နေ၊ စဉ်-၄၆၈၄၃)တို့က (၉-၁၂-၂၀၁၈) နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် "ဖော်ပြပါပစ္စည်းများကို စီမံခန့်ခွဲမှုရပ်ဆိုင်းပေးရန် ဦးကာစင်စူရတီ [၁၂/ဗဟန(နိုင်) ၀၀၀၁၈၈] နှင့် အများသိစေရန် သတိပေးခြင်းကြေညာခြင်း"ဟူ၍ ကြေညာခဲ့ပါသည်။ ယင်းကြေညာချက်တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဖော်ပြကာ ယင်းမရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် "ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်ချုပ်ဆိုထားသော စာချုပ်စာတမ်းအထောက်အထားများအရ တရားဝင်ဖွဲ့စည်းထားသည့် Mohammed Ismail Ariff Co.,Ltd နှင့် မိသားစုပိုင်ပစ္စည်းများ"ဟူ၍ ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးကာစင်စူရတီ၏အဖိုးဖြစ်သူ Mohammed Ismail Ariff သည် ၁၉၂၄ ခုနှစ်တွင် Mohammed Ismail Ariff Co.,Ltd ကို ၁၉၁၃ ခုနှစ်၊ အိန္ဒိယနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်၍ ရန်ကုန်မြို့တွင် တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။ အထက်ဖော်ပြပါသတင်းစာကြေညာချက်တွင် ဖော်ပြပါရှိသည့် ပစ္စည်းစာရင်းပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် Mohammed Ismail Ariff Co.,Ltd ပိုင်ပစ္စည်းများဖြစ်ကြောင်း၊ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင် ဖော်ပြချက်အရလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရလည်းကောင်း သိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးကာစင်စူရတီ၏အဖိုးဖြစ်သူ Mohammed Ismail Ariff သည် ခန့်မှန်းခြေ ၁၉၄၃ ခုနှစ်တွင် ကွယ်လွန်ပြီးနောက် ကျွန်ုပ်မိတ်ဆွေ၏မိခင် Aisha Bi Bi က Mohammed Ismail Ariff Co.,Ltd ကို ဆက်လက်ဦးစီးဆောင်ရွက်ခဲ့ရာ ကျွန်ုပ်မိတ်ဆွေ ဦးကာစင်စူရတီနှင့် အစ်ကိုဖြစ်သူ ဦးရာကွတ်စူရတီတို့သည်လည်း ကုမ္ပဏီဒါရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးကာစင်စူရတီသည် မြန်မာနိုင်ငံတွင် အမြဲနေထိုင်လျက်ရှိသူ တစ်ဦးဖြစ်သည့်အလျောက် Mohammed Ismail Ariff Co.,Ltd ကို ၁၉၉၅ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်း၍ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခဲ့ပါသည်။ ထိုသို့ Mohammed Ismail Ariff Co.,Ltd ကို ပြန်လည်ဖွဲ့စည်းရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးကာစင်စူရတီက မန်နေးဂျင်းဒါရိုက်တာ/ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဦးမိုဟာမက်(ခ)မိုဟာမက်ရာကွတ်စူရတီနှင့် ဦးအာမက်(ခ)အာမက်ကာစင်စူရတီတို့က ဒါရိုက်တာများအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ Mohammed Ismail Ariff Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ဝင်များက ဒါရိုက်တာအဖွဲ့ စုံညီအစည်းအဝေးများကျင်းပ၍ သဘောတူဆုံးဖြတ်ချက်များချမှတ်ကာ ကုမ္ပဏီပိုင်ပစ္စည်းများကို စီမံခန့်ခွဲ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဦးမြင့်ဦးထံ ကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသည်ဟု အဆိုရှိသူ Mr Ali Bham သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပတွင်နေထိုင်ပြီး၊ အိန္ဒိယနိုင်ငံသား(နိုင်ငံခြားသား)တစ်ဦးဖြစ်ပါသည်။ နိုင်ငံခြားသားတစ်ဦးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းတွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပေါ် ပိုင်ဆိုင်အကျိုးခံစားနိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာမရှိကြောင်း တည်ဆဲဥပဒေများအရ အတိအလင်း ကန့်သတ်ထားပြီးဖြစ်သည်ကို လူကြီးမင်းတို့ သိရှိပြီးဖြစ်ပါသည်။ ထို့ပြင် မဟာမေဒင်ဥပဒေအရလည်း Mr Ali Bham သည် အိန္ဒိယနိုင်ငံတွင် သက်ရှိထင်ရှားနေထိုင်လျက်ရှိနေသည့် ဖခင်ဖြစ်သူ Yakub Bham ၏ အမွေများကိုသာ ဆက်ခံရထိုက်ခွင့်ရှိသူတစ်ဦးဖြစ်ပြီး Mohammed Ismail Ariff ပိုင်ဆိုင်ခဲ့သည့်ပစ္စည်းများအပေါ် ဆက်ခံရထိုက်ခွင့်ရှိသူတစ်ဦးမဟုတ်ကြောင်း Mr Ali Bham ကိုယ်တိုင်သိရှိပြီးဖြစ်ပါသည်။

ဦးမြင့်ဦးသည် Mr Ali Bham နှင့် မည်သို့ဆက်နွယ်ပတ်သက်မှုရှိကြောင်း သတင်းစာကြော်ငြာတွင် ဖော်ပြထားခြင်းမရှိသည့်အပြင် Mr Ali Bham ထံမှ မည်သည့်တရားဝင်ကိုယ်စားလှယ်လွှဲစာအမျိုးအစားကို ရရှိထားကြောင်း ယင်းကြော်ငြာတွင် ဖော်ပြထားခြင်းမရှိပါ။ ဤကဲ့သို့ အခြေအနေမျိုးတွင် တိကျသေချာစွာ ပစ္စည်းစာရင်းဖော်ပြထားခြင်းမရှိသော Mohammed Ismail Ariff Co.,Ltd ၏ကုမ္ပဏီပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို စီမံခန့်ခွဲခြင်းမပြုရန် တားမြစ်ကြောင်း ကြော်ငြာထည့်သွင်းခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ကာ လုပ်ငန်းများ ဆောင်ရွက်နေသော Mohammed Ismail Ariff Co.,Ltd ၏ ဒါရိုက်တာတစ်ဦးဖြစ်သည့်ပြင် ကောင်းသောဂုဏ်သတင်းဖြင့် လူမှုရေး၊ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်နေသူ ကျွန်ုပ်၏မိတ်ဆွေ ဦးကာစင်စူရတီ၏ဂုဏ်သိက္ခာအား ညှိုးနွမ်းစေသည့်အပြင် နစ်နာဆုံးရှုံးမှုများလည်း များစွာဖြစ်ပေါ်စေလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသားMr Ali Bham ၏ ကိုယ်စားလှယ်လွှဲစာရရှိထားသည်ဟုအဆိုရှိသူ ဦးမြင့်ဦးအနေဖြင့် သိရှိရမည်မှာ Mr Ali Bham သည် ကွယ်လွန်သူ Mohammed Ismail Ariff ၏ ဆက်ခံခွင့်ရှိသူတစ်ဦးအဖြစ်လည်းကောင်း၊ Mohammed Ismail Ariff Co.,Ltd တွင် အကျိုးခံစားခွင့်ရှိသူတစ်ဦးအဖြစ်လည်းကောင်း၊ သက်ဆိုင်သူ တစ်ဦးမဟုတ်သည့်အပြင် မိသားစုပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍လည်း အမွေဆက်ခံခွင့်ရှိသူဖြစ်ကြောင်း မှန်ကန်တိကျစွာ ဖော်ပြခြင်းမျိုးမရှိဘဲ သတင်းစာတွင် ထည့်သွင်းကြေညာခြင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးကာစင်စူရတီ၏ ဂုဏ်သိက္ခာနှင့် Mohammed Ismail Ariff Co.,Ltd ၏ ကောင်းသတင်းဂုဏ်ပုဒ်ကို ထိခိုက်ညှိုးနွမ်းစေပါသဖြင့် ဦးမြင့်ဦး၏ကြော်ငြာစာအား ယနေ့မှစ၍ (၇) ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ပြန်လည်ရုပ်သိမ်းပေးရန်ပျက်ကွက်ပါက ဦးမြင့်ဦး၊ ကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားသည်ဟု အဆိုရှိသူ အိန္ဒိယနိုင်ငံသား Mr Ali Bham နှင့် ပူးပေါင်းကူညီ အကြံတူဆောင်ရွက်ကြသူများအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း အကြောင်းကြားသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝင်း (B.A(Law), LL.B)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၃၈၂/၁၉၈၃)**
**အမှတ်(၁၉/ခ)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၅၁၉၅၇၃၁**

## ဒေါ်ချန်ကင်အိန်း
## အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၇၁)၊ ဒုတိယထပ်နေ (ဦးအောင်လေးကို)၏ဇနီး၊ ဒေါ်ခင်ခင်အေး-(ဦးချမ်းစု)၊ ဦးအေးထွန်း-ဒေါ်တင်တင်ထွေး၊ ဒေါ်ခင်ခင်ဝင်း၊ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းထွန်း-ဒေါ်သန်းကြည်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မေလင်းစု-အောင်ကိုဟိန်း၊ Dr.ကျော်မျိုးထက်၊ Dr.တင်ထွန်းအောင်၊ Dr.ဝင်းပြည့်ပြည့်အောင်၊ Dr.ဖြိုးပိုင်စိုး၊ Dr.အေးမို့မို့ပိုင်၊ အောင်ကျော်မင်း(IM(1) Part II)၊ ဖြိုးပိုင်ဟိန်း (Final Yr, Pharmacy)၊ ဟိန်းခန့်ကျော်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ချန်ကင်အိန်းသည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးကျော်ဖြူ (RSE-0122)
**(Three K Construction Group M.D)**
## အသက် (၆၉) နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နေ (ဦးသိန်းမောင်-ဒေါ်သန်းမြင့်)တို့၏ ဒုတိယမြောက်သား၊ ဒေါ်တင်တင်လှိုင်(တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ မောင်ရဲကျော်အောင်(B.E-EC)၏ဖခင် ဦးကျော်ဖြူသည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဇော်ဇော်နိုင်(ခ)ဦးဇော်နိုင်(ဒေါ်ညွန့်ရွှေမိသားစု ဆန်ပွဲရုံ)
## အသက် (၄၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၅၀)နေ (ဦးကျော်မြင့်-ဒေါ်ညွန့်ရွှေ)တို့၏သားငယ်၊ ဦးငွေဦး-ဒေါ်အေးအေးမော်တို့၏မောင်၊ ဦးရဲခိုင်-ဒေါ်ခင်မျိုးဝင်း၊ ဦးညီညီမောင်-ဒေါ်ရီရီမြင့်တို့၏ညီ/မောင်၊ ဒေါ်ဥမ္မာကျော်၊ ဒေါ်ဇင်မာကျော်(ဒေါ်ညွန့်ရွှေမိသားစုဆန်ပွဲရုံ)တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး ဦးဇော်ဇော်နိုင်သည် ၂၀-၁၂-၂၀၁၈(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးငြိမ်း (စက်မှု-၁၊ ငြိမ်း)
## အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ယွန်းချောင်းဆရာတော် ဦးနန္ဒိယ၏ တူ၊ (ဦးမောင်ခင်-ဒေါ်စောမြိုင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၈၆၀)၊ ဘုမ္မာ(၆)လမ်း၊ ၈၂/ရပ်ကွက်နေ ဒေါ်ညွန့်ရီ၏ ခင်ပွန်း၊ မစန်းစန်းမြင့်၊ မခင်ခင်ငြိမ်း၊ မစန်းစန်းအေး၊ မဝင်းဝင်းမြင့်၊ မောင်ကျော်စွာမင်း-မသီတာဝင်း တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်မြင့်မိုရ်ဘုန်းခန့်၏ အဘိုးသည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် အမှတ်(၈၆၀)၊ ဘုမ္မာ(၆)လမ်း၊ ၈၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှအောင်(ခ)ဦးတရုတ်
**(ရဲတပ်ကြပ်ကြီး-ငြိမ်း)**
**(လ-၉၃၆၆၆)**
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ (၁၅)လမ်း(A)၊ တိုက်(၁၆)၊ အခန်းအမှတ်(၃၀၄)နေ (ဦးထွန်းရင်-ဒေါ်မိမိကြီး)တို့၏ သားငယ်၊ (ဦးသန်းဖေ-ဒေါ်ညွန့်ခင်)တို့၏ သားသမက်၊ဒေါ်မြင့်မြင့်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမြင့်၊ ဦးအောင်ဆန်း-(ဒေါ်ဖြူဖြူ)၊ ဦးမျိုးဝင်း-ဒေါ်မြင့်မြင့်၊ (ဦးဝင်းကြည်)-ဒေါ်ညိုညို၊ ဦးခင်စိန်-ဒေါ်စန်းစန်းမြင့်၊ ဦးအုန်းသိန်း-ဒေါ်တင်ညွန့်တို့၏ညီ/မောင်၊ (ဦးသန်းဝင်း)-ဒေါ်မြင့်မြင့်ငွေ တို့၏ အစ်ကို၊ ကိုတိမ်ယံမင်းဇော်-မသိမ့်သိမ့်အောင်၊ မဝင့်ရည်လှိုင် တို့၏ ဖခင်၊ မောင်ရဲရင့်ပိုင် ၏ အဘိုး ဦးလှအောင်သည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈(စနေနေ့)မွန်းလွဲ၂ နာရီတွင် ကျိုက်စုသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်ကြည်ငွေ
## အသက်(၇၁)နှစ်

သူငယ်ချင်း ဗိုလ်မှူးချုပ်ဝင်းဇော်မိုး-ဒေါ်ခင်မေမေသွင် တို့၏ မိခင်ကြီး ဒေါ်ကြည်ကြည်ငွေသည် ၁၈-၁၂-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)**
**မိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ခင်နှင်းရီ (နီနီ-ကံ့ကူပျော်)
**နည်းပြချုပ်၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း**
**အခြေခံပညာဦးစီးဌာန၊အုပ်ချုပ်မှုသင်တန်းကျောင်း၊ထောက်ကြန့်၊ရန်ကုန်မြို့**
## အသက် (၅၉) နှစ်

၁၅-၁၂-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်နှင်းရီ နာမကျန်းဖြစ်စဉ် ဆေးရုံတက်ရောက်ကုသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှဆရာမကြီးဒေါ်မြင့်မြင့်ခိုင်(ညွှန်ကြားရေးမှူး-ပညာ)၊ ဒေါ်ခင်သန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းကြီးကြပ်၊ အကဲဖြတ်)၊ ဒေါ်ဆွေဆွေလှဲ့(ဒုတိယညွှန်ကြားရေးမှူး-ပညာ၊ ငြိမ်း)တို့အားလည်းကောင်း၊ ဆေးရုံတက်စဉ်နှင့် ဆေးကုသမှုခံယူနေစဉ် ဝိုင်းဝန်းကူညီအားပေးပြုစုပေးခဲ့ကြပါသော ရန်ကုန်တိုင်းဒေသကြီးမှ ဦးအေးမင်း (လ/ထညွှန်ကြားရေးမှူး၊ ကာယ၊ ကျန်းမာ၊ စာကြည့်တိုက်)နှင့် ကာယပညာဆရာ၊ ဆရာမများ၊ ပညာရေးမိသားစု ဆရာ/ဆရာမကြီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နာရေးကိစ္စအား ရပ်နီးရပ်ဝေးမှ ဆက်သွယ်မေးမြန်းသူများအားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ပညာရေး မိသားစု ဆရာကြီး၊ ဆရာမကြီးများနှင့် ကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု(ကံ့ကူပျော်)

# အနိစ္စ

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးဆလိုင်းအောင်ဝင်း
## အသက် (၈၇) နှစ်

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၃၄၆)နေ (ဦးအောင်ပု-ဒေါ်အေးညို)တို့၏သား၊ (ဒေါ်ပဆစ်)၏မောင်၊ (ဒေါ်မိုင်တင်စု)၏ ခင်ပွန်း၊ ဦးဆလိုင်းမိုးဇက်ဝင်း (ဓာတ်ခွဲမှူး၊ ဆာကူရာဆေးရုံ၊ ရန်ကုန်)၏ဖခင်၊ (ဦးဆလိုင်းယောလ)၊ ဒေါ်ချစ်ချစ်လွင်၊ ဒေါ်မိုင်အက်စတာ (ညွှန်မှူး၊ ပဲခူး၊ ECD)၊ ဒေါ်မိုင်အေးရီ (ကလေးအရာရှိတောင်ငူခရိုင်ကျန်းမာရေး)၊ ဒေါ်အမိုင်ငွေရီ(လယ်-၁၊ အိုးကုန်း၊ လ-ခွဲ၊ တောင်ငူ)၊ ဆလိုင်းယောသ-ဆရာမမိုင်ယဉ်ယဉ်စိန်၊ (ဆလိုင်းအောင်စည်စိုး)-ဒေါ်မိုင်ချယ်ရီအေးတို့၏ဘကြီး၊ ဆလိုင်းမင်းမင်းခန့်၊ မိုင်မေလွင်ပွင့်၊ ဆလိုင်းနိုဝယ်ချစ်၊ ဆလိုင်းရှဲလ်မင်းခန့်၊ ဆလိုင်းအေဘယ်ချစ်၊ မိုင်အေမာချစ်တို့၏ချစ်လှစွာသော အဘိုးသည် ၁၉-၁၂-၂၀၁၈ ရက် ည ၇း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ ရက် နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး တောင်ငူမြို့၊ ခရစ်ယာန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## အရာခံဗိုလ်အုန်းမောင်(ငြိမ်း)
**(ချောက်မြို့)**
**၉၅၈ ဆ. လ. အ (ခွဲ)**
## အသက် (၈၂) နှစ်

ချောက်မြို့နယ်၊တုံ့ရွာနေ (ဦးအောင်လှ-ဒေါ်ရွှေတုတ်)တို့၏သား၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ (ဦးဘသောင်း)၊ (ဒေါ်စောမြ)၊ (ဦးအေးမောင်)၊ (ဒေါ်ပေါ်ငြိမ်း)တို့၏မောင်၊ ဦးလေးဦး-ဒေါ်အုန်းမြင့်တို့၏အစ်ကို၊ ဒေါ်လှလှဝင်း(ကြယ်ငါးပွင့်သဘော်လုပ်ငန်း)၊ ဒေါ်နီနီဝင်း (စိုက်ပျိုးရေးဦးစီးဌာန)-ဦးသိန်းထိုက်(စိုက်ပျိုးရေးဦးစီးဌာန)၊ ဒေါ်စန္ဒာဝင်း၊ ဦးအောင်သန်းဦး-ဒေါ်အိအိဟန်တို့၏ဖခင်၊ မနန်းရွှေသဥ္ဇာလီ၏အဘိုးသည် ၁၉-၁၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၁၀၇၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**တောင်တွင်းကြီးမြို့နယ်အသင်း**
**(ရန်ကုန်)**
## ဒေါ်သန်းသန်းဝင်း
## အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၈၂)နေ အသင်းဝင် ဒေါ်သန်းသန်းဝင်းသည် ၁၇-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

## ကိုသူရအောင်ဇော်
**MD, Diamond Heart Travel & Tour Co.,Ltd**
## အသက် (၄၂) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၌)ရပ်ကွက်၊ အမှတ်(၈၄)၊ နဝရတ်လမ်း၊ ရတနာကျွန်းရိပ်သာနေ ဦးကြည်ဝင်း-ဒေါ်သန်းသန်းလေးတို့၏ သား၊ (ဦးခင်မောင်သန်း)၊ ဒေါ်မေစီတို့၏သားသမက်၊ ဒေါ်ထက်ထက်အောင်(SMART GRAPHIC DESIGN)၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ထက်ဦး၏မွေးသဖခင်၊ ကိုစည်သူမောင်၏အစ်ကိုသည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၈း၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈(အင်္ဂါနေ့) နံနက်၇ နာရီမှ မွန်းတည့်၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်ကြင်(ခ)ဒေါ်အမာကြင်
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၁၉၅)နေ (ဦးစော-ဒေါ်ငယ်မ)တို့၏ သမီး၊ (ဦးကျော်လှိုင်)၏ ဇနီး၊ ဦးစိန်ညွန့်-ဒေါ်မြမြမိုး တို့၏ မိခင်သည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးငွေ(ခ)ဦးသက်ထွန်း
**(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)**
## အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညွှက်ရိပ်မွန်၊ တိုက်(E)၊ အခန်း(၄)နေ (ဒေါ်ကြင်ကြည်)၏ ခင်ပွန်း၊ Capt: သန်းနိုင်ထွန်း (MTMMC)-ဒေါ်မြင့်မြင့်စိုး၊ ဦးမိုးဦးထွန်း၊ ဒေါ်ဆွေဇင်ထွန်းတို့၏ ဖခင်၊ မဟေသာမျိုးထက်(5th Yr, YIT)၊ မောင်စွမ်းရည်ပိုင်(TTC)၊ မောင်စွမ်းပြည့်ပိုင်(TTC)တို့၏ အဘိုးသည် ၁၇-၁၂-၂၀၁၈ (တနင်္လာနေ့) ည ၁၁း၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အရာခံဗိုလ် ကြည်ဇင်(ငြိမ်း)
**ကပ-၂၁၄၉၀၀**
## အသက်(၈၃)နှစ်

ဗိုလ်မှူးသန်းငွေ-(ဒေါ်မြတ်ဆုကြည်)၊ ကိုဖြိုးစည်သူ-မခင်သီတာဇင်တို့၏ ဖခင်၊ မောင်သုတညီ၏ အဘိုး၊ (ဒေါ်ညွန့်)၏ ခင်ပွန်းသည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် မကွေးမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲပိုင်းတွင် မကွေးမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဝင်းကြည် (၇၉)နှစ်
**ကုန်းလမ်းပို့ဆောင်ရေး (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခ(၄)လမ်း၊ အမှတ်(၂၆၇)နေ (ဦးကြွယ်-ဒေါ်မြခင်)တို့၏ သား၊ (သခင်သန့်-ဒေါ်တင်ရွှေ)တို့၏ သားသမက်၊ (ဒေါ်တင်ရီ)၏ ခင်ပွန်း၊ ဒေါ်သင်းသင်းဦး(ကထိက၊ ရူပဗေဒဌာန၊ တောင်ကုတ်ကောလိပ်)၊ဦးထွန်းထွန်းလင်း-ဒေါ်မင်းမင်းမြတ်၊ (ဦးမောင်မောင်လတ်)တို့၏ မွေးသဖခင်၊ မောင်မင်းသူခန့်၊ မအိချောစံတို့၏ အဘိုး ဦးဝင်းကြည်သည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နွဲ့ရီ(ခ)ဒေါ်အေးပို
## အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာနေ (ဦးကျော်ခင်-ဒေါ်ချောတင်)တို့၏ သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ တော်ကြီးကျေးရွာနေ (ဦးစံထွန်း-ဒေါ်လေး)တို့၏ သမီးချွေးမ၊ ဦးအေးဝင်း၏ ချစ်လှစွာသောဇနီး၊ ကိုအောင်နိုင်ဦး(ရောင်နီဦးကုမ္ပဏီ)-မခင်မြမြထွန်း၊ ကိုညဏ်မြင့်(ခေတ္တ-ထိုင်ဝမ်)-မအေးအေးခိုင်၊ ကိုစိုးပိုင်(MITT)-မသီရိ၊ (ကိုမြင့်ဦး)-မသန္တာအေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးကိုးယောက် တို့၏ အဘွားသည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၁၁၅)၊ ဝေသာလီလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးတင်ထွန်း(B.A.,H.G.P,R.L)
**အထက်တန်းရှေ့နေ**
**(ကျန်းမာရေးမှူး-ငြိမ်း)**
## အသက် (၈၁) နှစ်

ကသာမြို့နေ (ဦးချစ်ဘွယ်-ဒေါ်အေးကြွယ်)တို့၏သားကြီး၊ (ဦးအောင်ကြည်-ဒေါ်ခင်ထွေးမြင့်)၊ (ဦးပေါ်ထွန်း)-ဒေါ်တိုးတိုးကြည်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၈၃၅)နေ ဦးမင်းထွဋ်-ဒေါ်ဆန်းဇွာလီ (Teacher at Brainworks International School)၊ ဒေါက်တာတိုးတိုးအောင်(သစ်တောဦးစီးဌာန)-ဒေါက်တာခင်မျိုးထွဋ်(Mega Life Sciences Ltd) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ဇော်ထွဋ် (Secondary-3, Brainworks International School)၊ မောင်ကျော်ထွဋ်အောင်(P-6, NIEC)၊ မောင်နေဆန်းထွဋ် (Primary-5, Brainworks International School)၊ မောင်လင်းထွဋ်အောင်တို့၏အဘိုး၊ ဒေါ်ကြည်ကြည်ခင်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၂-၂၀၁၈(ဗုဒ္ဓဟူးနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဂွမ်တိတ်
**(ပုလော/ရှပ်ပုံ/ကျောက္ကာ)**
## အသက် (၅၅) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံရွာနေ (ဦးဂွမ်ဘီး-ဒေါ်အုန်းရှင်)တို့၏သား၊ ကျောက္ကာရွာနေ (ဦးကြည်စိန်-ဒေါ်ယဉ်ကြည်)တို့၏ သားသမက်၊ ကိုထွန်းလင်းဦး-မခင်ခင်ချစ်၊ ကိုမိုးဇော်-မအေးမိမြင့်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး၊ [ဒေါ်စီငယ်(ခ)ဒေါ်မြင့်မြင့်စီ]၏ခင်ပွန်း ဦးဂွမ်တိတ်သည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ စက်တော်ရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းအောင် (၈၆)နှစ်
**(သန်းအောင်ဖိနပ်လုပ်ငန်း)**

စစ်ကိုင်းမြို့၊ တောင်ဘော်ဂါရပ်၊ သန်းအောင်ဖိနပ်လုပ်ငန်းနေ (ဒေါ်တင်တင်)၏ ခင်ပွန်း၊ စစ်ကိုင်းမြို့၊ တောင်ဘော်ဂါရပ်နေ ဒေါ်ခိုင်ခိုင်ဝင်း၊ နန်းတော်ရာရပ်နေ ဦးကိုကိုအောင်-ဒေါ်စံပယ်၊ ဦးညီညီအောင်-ဒေါ်သီတာအောင်၊ နေပြည်တော်၊ ကံ့ကော်ရပ်ကွက်နေ ဦးဇော်နိုင်ဦး-ဒေါ်စန္ဒာအောင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်နေ ဦးကျော်ကျော်အောင်-ဒေါ်လွင်လွင်ကြည်တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုး ဦးသန်းအောင်သည် ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) ည ၇ နာရီတွင် တောင်ဘော်ဂါရပ်နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၂၂-၁၂-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ယုန်ဖြူသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်အိ
## အသက်(၈၄)နှစ်
**အမေကြီးအုန်းပေါင်းတင်း(ရွှေဘိုမြို့)**

ရွှေဘိုမြို့၊ ထူထောင်ရေးရပ်ကွက်နေ ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းနိုင်-ဒေါ်ဝင်းမော်၊ ဦးသိန်းထွဋ်ဦး-ဒေါ်သန္တာ၊ ဦးသိန်းထွန်းဦး(ခ)ကိုထွန်း-ဒေါ်ခင်မျိုးအောင်(ခ)မငယ်မ တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်တင်အိသည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ဥသျှစ်ကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းရွှေ (ဝါးခယ်မ)
**ယခင်ရှုဘီအာကိတ်ကုမ္ပဏီ**
## အသက် (၈၂) နှစ်

ဝါးခယ်မမြို့နေ (ဦးဘခင်-ဒေါ်ကျော့)တို့၏သား၊ ရွှေလောင်းမြို့နေ (ဦးဖေတင်-ဒေါ်တူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၅၀)နေ ဒေါ်ခင်သိန်းတင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းလှ-ဦးကျော်၏အစ်ကို၊ ဒေါ်နီနီဦး (အလက-၄၊ သဃ်န်းကျွန်း)၊ ဦးလှမင်း၊ ဒေါ်သိန်းသိန်းနွယ်-ဦးသန်းငွေ၊ ဦးသန့်ဇော်တို့၏ဖခင်၊ ကိုပြည့်ဖြိုးဇော်(Branch Manager, ACLEDA MFI Myanmar Co.,Ltd)-မဝင်းသီရိ၊ ကိုရဲကျော်ဖြိုး(ACLEDA MFI Myanmar Co.,Ltd)၊ မဆုနဒီဝင်း(အထက-၂၊ တာမွေ)တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်သန်း
## အသက်(၇၅)နှစ်
**မြို့နယ်ပညာရေးမှူး-ငြိမ်း၊ မြောက်ဒဂုံမြို့နယ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်နေ ဦးမြင့်ကြူ-ဒေါ်သူဇာ၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရွှေဟင်္သာလမ်းနေ ဦးအောင်လင်း-ဒေါ်မိငယ်၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်နေ ဦးရဲသူ-ဒေါ်သန်းသန်းအေး၊ ဦးရဲကျော်၊ ကိုအာကာကျော်-မအိမွန်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်တို့၏အဘိုး၊ (ဒေါ်အေးမြင့်)၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် လှိုင်သာယာမြို့နယ်၊ ထိန်ပင်အအေးခန်းမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၆၄၂/ခ)နေ (ဦးကျော်သန်း-ဒေါ်အေးမြင့်)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဂွမ်တိတ် (ပုလော/ရှပ်ပုံ/ကျောက္ကာ)
## အသက် (၅၅) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံရွာနေ (ဦးဂွမ်ဘီး-ဒေါ်အုန်းရှင်)တို့၏သား၊ ကျောက္ကာရွာနေ (ဦးကြည်စိန်-ဒေါ်ယဉ်ကြည်)တို့၏ သားသမက်၊ ဦးကျော်မြင့်-ဒေါ်တင်ရီ၊ ဦးမောင်လှ-ဒေါ်ရှုလှိုင်၊ ဦးတင်ဟို-ဒေါ်ပိုရီ၊ ဦးကြည်ဂွမ်-(ဒေါ်အင်ကြူ)၊ ဒေါ်အင်ရီ၊ ဦးတင်ဂွမ်-ဒေါ်ယုယုလွင်၊ ဦးဂွမ်ဟုန်၊ ဦးကြည်ဟုန်-ဒေါ်ခင်ကြိုင်တို့၏ညီ/မောင်၊ (ကိုပြည့်စုံ)-မယဉ်ယဉ်မိုးနွယ်၊ ကိုအောင်မျိုးမြတ်-မယဉ်ယဉ်ဆွေ၊ မကြူကြူဆွေ၊ ကိုမျိုးအေး-မသက်သက်မော်တို့၏အစ်ကို၊ [ဒေါ်စီငယ် (ခ) ဒေါ်မြင့်မြင့်စီ]၏ခင်ပွန်း ဦးဂွမ်တိတ်သည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ စက်တော်ရာသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

## ဦးနေမျိုးထွန်း (၅၂) နှစ်
**(B.Sc-Forestry, 1993)**
**လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ တာချီလိတ်ခရိုင်**

ပန်းတနော်မြို့၊ အနော်ရထာလမ်း၊ အမှတ်(၁၁၅)နေ (ဦးလှမြင့်)-ဒေါ်ခင်ရီထွန်းတို့၏သားငယ်၊ ဦးကျော်မျိုးထွန်း-ဒေါ်ခင်စန်းအေး (မြန်မာ့စီးပွားရေးဘဏ်၊ ပန်းတနော်မြို့)၏ညီ၊ ဒေါ်အေးအေးမျိုး(ဦးစီးအရာရှိ-စိုက်ပျိုးရေးဦးစီးဌာန၊ တာချီလိတ်ခရိုင်)၏ခင်ပွန်း၊ မခိုင်ဆုသွေး၊ မကြော့ဆွေဇင်သိမ်း၊ မခိုင်ဆွေဇင်သင်းတို့၏မွေးသဖခင်သည် ၂၀-၁၂-၂၀၁၈ ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် မြို့မသုသာန်၊ တာချီလိတ်မြို့သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်လွင်
## အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အရှေ့ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်းနေ (ဦးစောမောင်)-ဒေါ်ရင်မေတို့၏ သား၊ ဒေါ်ခိုင်ခိုင်ဖြိုး၏ ခင်ပွန်း၊ ဦးမင်းလွင်၏ ညီ၊ (ဒေါ်သင်းသင်းအောင်)၏ မောင်၊ ဦးအောင်နိုင်၏ အစ်ကို၊ မမေသင်းသန့်၊ မောင်ကောင်းရှင်းသန့် တို့၏ဖခင်သည် ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

**နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီက ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်သဟာယ ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌနှင့် သိက္ခာတော်ရ ဆရာတော်များ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ခရစ်ယာန် အသင်းတော်များမှ အသင်းဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ယုံကြည်သူများ အသင်းတော်မှ သိက္ခာတော်ရ ဆရာတော် ဦးရွှန်မှုန်းက အဖွင့် ဆုတောင်းပေးပြီး နေပြည်တော်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်းနှင့် ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

# မြန်မာ့ရိုးရာ လက်မှုအနုပညာပစ္စည်းများဖြစ်သည့် စဥ့်အိုးစဥ့်ထည်နှင့် ပုဂံဆီထီးများကို ရန်ကုန်မြို့၌ ပထမဆုံးအကြိမ် ပွဲတော်ပြုလုပ်သွားမည်




**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများကို နောင်လာနောက်သားများ တန်ဖိုးထားမြတ်နိုးတတ်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ပြန်လည်ထိုးဖောက်နိုင်ရန် ရည်ရွယ်ပြုလုပ်သော စဥ့်အိုးစဥ့်ထည်နှင့် ပုဂံဆီထီး ပွဲတော်ကို ဒီဇင်ဘာ ၂၁ ရက်မှ ၃၁ ရက်အထိ (၁၁ ရက်တိုင်တိုင်)ညနေ ၄ နာရီခွဲမှ ည ၁၀ နာရီခွဲအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်း Food Town ဧရိယာ၌ ပထမဆုံး အကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ စဥ့်အိုး စဥ့်ထည်တွေက အရင်တုန်းကတော့ နိုင်ငံခြားကို တင်ပို့မှုတွေရှိတယ်။ နောက်ပိုင်း မရှိတော့တာကြာပြီ။ ပြည်တွင်းဈေးကွက်လောက်ပဲရှိတော့ တာဆိုတော့ နိုင်ငံခြားက လက်ခံလာအောင်၊ မှာယူသုံးစွဲလာအောင်၊

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖

## အမျိုးသမီးလိဂ်ပြိုင်ပွဲ မြဝတီအသင်း သုံးပွဲဆက်အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း သုံးပွဲဆက်အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ မြဝတီအသင်းသည် ဇွဲကပင် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီ အသင်းသည် သုံးပွဲဆက်အနိုင်ရခဲ့သော်လည်း ခြေစွမ်းအရ အကောင်းဆုံးပုံစံမရသေးဘဲ ယခုပွဲတွင်လည်း ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ဂန္ဓမာအသင်းမှလွဲ၍ ကျန်နှစ်သင်းကို ဂိုးအနည်းငယ်ဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၁၈ မိနစ်တွင် ပန်းအိခိုင်က သွင်းယူခဲ့သည်။

အခြားပွဲများတွင် ဂန္ဓမာအသင်းက တက္ကသိုလ် အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အား/ကာ သိပ္ပံနှင့် သစ္စာအားမာန်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ရာသီအစနှစ်ပွဲဆက်တိုက် အနိုင်ရထားခဲ့သည့် အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်းတို့ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အား/ကာသိပ္ပံအသင်းသည် နှစ်ဂိုးပြတ်အနိုင်ရပြီးမှ သရေကျခဲ့ခြင်းဖြစ်သည်။

ရှိုင်းထက်ဇော်

